# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက် | ၂၀၂၆ ခုနှစ်၊ ဩဂုတ် ၁၄ ရက်၊ သောကြာနေ့ | အတွဲ(၆၅)၊ အမှတ်(၁၃၃)


**နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့**

MSMEs လုပ်ငန်းများက ဒေသအလိုက် တိုးတက်ဖွံ့ဖြိုးနိုင်သည့် လုပ်ငန်းများဖြစ်သောကြောင့် ယင်းတို့၏ ဖွံ့ဖြိုးတိုးတက်မှုသည် ဒေသတွင်းအလုပ်အကိုင်များကို တိုက်ရိုက်ဖန်တီးပေးနိုင်ပြီး ရွှေ့ပြောင်းလုပ်သားပြဿနာများကိုလည်း ထိရောက်စွာ လျှော့ချပေးနိုင်သည်။





ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၁၃

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက်အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❖

**ယနေ့ မာတိကာ**


မြန်မာ - ဘယ်လာရုစ် နှစ်နိုင်ငံအကြား အမျိုးသမီးရေးရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်ပူးပေါင်းဆောင်ရွက်မှု ဆက်လက်မြှင့်တင်ရေးဆွေးနွေး

ပြည်တွင်းသတင်း ◆ ၄

ကျန်းမာကြံ့ခိုင်သော နိုင်ငံတော်၏ အခြေခံအုတ်မြစ် (သို့မဟုတ်) ကျောင်းကျန်းမာရေး

ဆောင်းပါး ◆ ၆

ပြည်သူတွေအနေနဲ့လည်း လိုအပ်တဲ့ ကုသမှုတွေ ဆောင်ရွက်နိုင်အောင် ပြည်သူ့ဆေးရုံတွေ၊ ပုဂ္ဂလိကဆေးရုံတွေအနေနဲ့ ပြင်ဆင်ဆောင်ရွက်ထားရှိပြီး ဖြစ်တဲ့အတွက်ကြောင့် စိုးရိမ်ပူပန်မှု မဖြစ်ကြဘဲ အနီးစပ်ဆုံး ပြည်သူ့ဆေးရုံတွေနဲ့ သက်ဆိုင်ရာဆေးရုံတွေကို သွားရောက်ကုသမှုခံယူနိုင်ပါကြောင်း ပြောကြားလိုပါတယ်

တွေ့ဆုံမေးမြန်း ◆ ၈






## ဆေးဝါးအမယ်သစ် ခြောက်မျိုးအား သုတေသနပြု စမ်းသပ်အောင်မြင်ခဲ့သူများကို ဂုဏ်ပြု

နေပြည်တော် ဩဂုတ် ၁၃

၁၉၈၂ ခုနှစ်မှ ယနေ့အချိန်အထိ သုတေသနဌာနသည် ဆေးဝါးအမျိုးအစား ၆၆ မျိုးကို အောင်မြင်စွာ စမ်းသပ်ဖော်ထုတ်နိုင်ခဲ့ပြီး ယခုတီထွင်မှုများသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)၏ ခွင့်ပြုချက်ရရှိရုံသာမက ပြည်တွင်းဆေးဝါးစက်ရုံများသို့ နည်းပညာ လွှဲပြောင်းပေးအပ်နိုင်ခဲ့၍ ပြည်တွင်းထုတ်လုပ်မှုကို အားကောင်းစေပြီး ပြည်ပမှ တင်သွင်းမှုအပေါ်မှီခိုမှုကို လျှော့ချနိုင်ခဲ့ကြောင်း၊ ဆေးဝါးအမျိုးအစားသစ် ခြောက်မျိုးဖြစ်သည့် ဆီးချိုရောဂါကုသဆေး နှစ်မျိုး၊ အိတ်ချ်အိုင်ဗွီ (HIV) ရောဂါ ကုသဆေးတစ်မျိုး၊

စာမျက်နှာ ၇ ကော်လံ ၁ ❁

## ဘဏ်များက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ MSME လုပ်ငန်းများသို့ ၎င်းတို့၏ ငွေကြေးရန်ပုံငွေဖြင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆောင်ရွက်နိုင်ရေးဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၁၃

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဘဏ်များတွင် ပြည်သူများစုဆောင်းထားသော အပ်နှံငွေများကို နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည့် ရင်းနှီးမြှုပ်နှံမှုနှင့် ထုတ်လုပ်မှုကဏ္ဍများသို့ ထိရောက်စွာ စီးဆင်းရောက်ရှိစေရေးသည် ဘဏ်လုပ်ငန်းကဏ္ဍ၏ အရေးကြီးသည့် လုပ်ငန်းဆောင်ရွက်ချက်တစ်ခု ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် ဘဏ်များအနေဖြင့် Financial Intermediary ဖြစ်ရုံသာမက နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ ထုတ်လုပ်မှု မြှင့်တင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးတို့အတွက် အရေးပါပြီး တန်ဖိုးရှိသည့် မောင်းနှင်အားတစ်ရပ်အဖြစ် ဆက်လက်ရပ်တည်နိုင်မည်ဖြစ်ကြောင်း ယနေ့ နံနက်ပိုင်းက မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ နေပြည်တော်၌ ကျင်းပသည့် ဘဏ်များက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ MSME လုပ်ငန်းများသို့ ၎င်းတို့၏ ငွေကြေးရန်ပုံငွေဖြင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်းသည့် အစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ၏ ပြောကြားချက်အရ သိရသည်။

စာမျက်နှာ ၄ ကော်လံ ၁ ❏

## ရန်ကုန်မြို့ အမျိုးသားပြတိုက်နှင့် အာကာသပြတိုက်သို့ ကျောင်းသား ကျောင်းသူများ သွားရောက်လေ့လာ

ရန်ကုန် ဩဂုတ် ၁၃

ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များ နိုင်ငံ၏ ခိုင်မာသည့် သမိုင်းကြောင်းအစဉ်အလာနှင့် ယဉ်ကျေးမှုတန်ဖိုးများ သိရှိနားလည်လာစေရန်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားလာစေရန်၊ ဘိုးဘွားများ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်လိုစိတ်ရှိစေရန်နှင့် အာကာသ

စာမျက်နှာ ၄ ကော်လံ ၄ ❍



# ကျန်းမာရေးနှင့်ညီညွတ်သည့် လူနေမှုနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး သတိပြုဖွယ်

လူနေထူထပ်သော ရန်ကုန်မြို့လယ်မြို့နယ်များဖြစ်သည့် လမ်းမတော်၊ လသာ၊ ပန်းဘဲတန်းနှင့် ကျောက်တံတားမြို့နယ်တို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုကြောင့် ဩဂုတ် ၉ ရက်မှ ၁၂ ရက်အထိ လေးရက်အတွင်း ဆေးရုံတက်လူနာစုစုပေါင်း ၁၈၀ ကျော်ရှိခဲ့ပြီး ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါပိုးတွေ့သူ ၅၄ ဦးနှင့် သက်ကြီးပိုင်းအရွယ်သေဆုံးသူတစ်ဦးရှိကြောင်း သတင်းများအရသိရသည်။

မသန့်ရှင်းသည့်ရေ၊ မသန့်ရှင်းသည့်အစားအစာ၊ သန့်ရှင်းမှုမရှိသည့်ပတ်ဝန်းကျင်၊ ကျန်းမာရေးအသိပညာအားနည်းမှု စသည့်အခြေခံအကြောင်းတရားများက ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ကာလဝမ်းရောဂါတို့အပါအဝင် အခြားသောကူးစက်ရောဂါများကိုပါ ဖြစ်ပွားစေနိုင်သည်။ ကာလဝမ်းရောဂါပိုးသည် ရောဂါဖြစ်သူထံမှ စွန့်ပစ်လိုက်သည့်မစင်တွင် ပါဝင်နေပြီး မသန့်ရှင်းသောလက်၊ ယင်ကောင် စသည်တို့မှ အဆင့်ဆင့်သယ်ဆောင်ပြန့်ပွားကာ သောက်ရေသုံးရေ၊ ပန်းကန်ခွက်ယောက်နှင့် စားသောက်ဖွယ်ရာများထဲအထိရောက်ရှိရာမှ စားမိ၊ သောက်မိကြပြီး ရောဂါကူးစက်ပျံ့နှံ့ရခြင်းဖြစ်သည်။

ရန်ကုန်မြို့လယ်ရှိမြို့နယ်များသည် ယင်လုံအိမ်သာများကိုသာ သုံးစွဲသည့် ဒေသဖြစ်သော်လည်း အိမ်သာများသန့်ရှင်းစွာသုံးစွဲခြင်းရှိမရှိ၊ ရေနှင့်မိလ္လာစနစ်များ ကောင်းမွန်ခြင်းရှိမရှိ၊ အစားအစာများကိုင်တွယ်ချက်ပြုတ်ရာတွင်လည်းကောင်း၊ အစားအစာများတည်ခင်းရောင်းချရာတွင်လည်းကောင်း၊ သိုလှောင်သိမ်းဆည်းမှုများတွင်လည်းကောင်း ကျန်းမာရေးစံနှုန်းများနှင့်ကိုက်ညီမှု ရှိမရှိ၊ အစားအသောက်ကိုင်တွယ်သူများ၏ တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် ကျန်းမာရေးအသိပညာရှိမရှိ စသည်တို့မှာ ဝမ်းရောဂါကဲ့သို့သော ကူးစက်ရောဂါများအတွက် အထူးတလည်ဂရုပြုဖွယ်ပင်ဖြစ်သည်။

မသန့်ရှင်းသောလက်တွင် ကပ်ပါလာနိုင်သည့် မစင်ပမာဏအနည်းငယ် (တစ်ဂရမ်) တွင် လူကိုရောဂါဖြစ်ပြီး အသက်အန္တရာယ်ပြုနိုင်သည့် ဗိုင်းရပ်စ် ၁၀ သန်းခန့်၊ ဗက်တီးရီးယားတစ်သန်းခန့်၊ သန်ကောင်၊ ဝမ်းကိုက်ပိုးကဲ့သို့သော ကပ်ပါး ၁၀၀၀ ခန့်၊ သန်ဥကဲ့သို့ ကပ်ပါးဥပေါင်း ၁၀၀ ခန့် ပါနေသည်ဟု ပညာရှင်တို့ကဆိုထားရာ လက်သန့်ရှင်းရန်မည်မျှအရေးကြီးသည်ကိုသိနိုင်သည်။ ထို့နည်းတူ မသန့်ရှင်းသည့်ရေကလည်း ဝမ်းပျက်ဝမ်းလျှော၊ ကာလဝမ်း၊ အူရောင်ငန်းဖျား၊ ပိုလီယိုစသည့် ဝမ်းနှင့်ပတ်သက်သည့်ရောဂါများဖြစ်နိုင်သည်။ မသန့်ရှင်းသည့်အစားအစာတွင် ရောဂါပိုးများသည် ယင်ကောင်၊ ပိုးဟပ်၊ ပုရွက်ဆိတ်စသည့်အင်းဆက်များ၊ ကြွက်၊ ကြောင်၊ ခွေး စသည့်တိရစ္ဆာန်များက သယ်ဆောင်လာခြင်း၊ မသန့်ရှင်းသောလက်ဖြင့် ကိုင်တွယ်ချက်ပြုတ်ခြင်းနှင့် အစားအသောက်ပြင်ဆင်ခြင်း၊ မသန့်ရှင်းသောရေဖြင့် စိုက်ပျိုးဆေးကြောထားသည့် ဟင်းသီးဟင်းရွက်များ၊ သားငါးနှင့်တိရစ္ဆာန်ထွက်ပစ္စည်းများ၊ ချက်ပြုတ်သည့်ပစ္စည်းများနှင့် အိုးခွက်၊ ပန်းကန်များကိုသုံးစွဲခြင်းတို့မှပါရှိလာပြီး ရောဂါပျံ့နှံ့စေသည်။ အိမ်သာများသည် ရောဂါဖြန့်ဖြူးသည့်နေရာများ မဖြစ်စေရန်အတွက် ယင်လုံရန်၊ အနံ့အသက်ကင်းရန်၊ သန့်ရှင်းရေးမှန်မှန်လုပ်ရန် သတိပြုကြရမည်ဖြစ်သည်။

ဝမ်းပျက်ဝမ်းလျှောရောဂါကို တစ်ဦးချင်းတစ်ယောက်ချင်းအနေဖြင့် ကြိုတင်ကာကွယ်နိုင်ရန်အတွက် မသန့်ရှင်းသောရေကို မသောက်မိ၊ မသုံးမိစေရန်၊ ယင်နားစာနှင့် မသန့်ရှင်းသည့်အစားအစာများကို မစားမိစေရန် ရှောင်ရှားကြရမည်ဖြစ်ပြီး အိမ်သာတက်ပြီးလျှင် လက်ကို ဆပ်ပြာ၊ သန့်ရှင်းသောရေတို့ဖြင့် စင်ကြယ်အောင်ဆေးကြောခြင်း၊ အစာမစားမီလက်ကိုစင်ကြယ်အောင်ဆေးကြောခြင်း၊ အစားအစာများကို ပူပူနွေးနွေးစားသုံးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှုကို ဂရုပြုဆောင်ရွက်ခြင်းတို့ မဖြစ်မနေလိုအပ်သည်။

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါသည် **Vibrio Cholerae** ကဲ့သို့သော ကာလဝမ်းရောဂါပိုးကူးစက်ရာမှ ဖြစ်ပွားခြင်းဖြစ်ပြီး အရည်ဝမ်းသွားခြင်း၊ အော့အန်ခြင်း၊ ရောဂါပြင်းထန်သောအခါ ခန္ဓာကိုယ်တွင်းမှ ရေနှင့်ဓာတ်ဆားများ လျင်မြန်စွာဆုံးရှုံးသွားခြင်းကြောင့် အရည်ခန်းခြောက်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်း စသည့်ရောဂါလက္ခဏာများကိုတွေ့ရှိနိုင်သည်။ ရောဂါပြင်းထန်ပြီး အချိန်မီဆေးကုသမှုခံယူနိုင်ခြင်းမရှိပါက အသက်ဆုံးရှုံးစေနိုင်သည်။

မြန်မာနိုင်ငံတွင် လူဦးရေအထူထပ်ဆုံးသော စီးပွားရေးမြို့တော်ကြီးဖြစ်သည့်ရန်ကုန်တွင် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ကာလဝမ်းရောဂါတို့ ဖြစ်ပွားသည့်သတင်းများ ထွက်ပေါ်လာခြင်းသည် ကျန်းမာရေးနှင့်ညီညွတ်သည့် လူနေမှုနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့အတွက် သတိပေးခေါင်းလောင်းသံများအဖြစ်မှတ်ယူကာ တစ်ဦးချင်းမှစ၍ မိသားစုအလိုက်၊ လမ်းအလိုက်၊ ရပ်ကွက်အလိုက်၊ မြို့နယ်အလိုက် မိမိတို့နေထိုင်ရာနေရာများတွင် ကူးစက်ရောဂါကင်းစင်သည့် ပတ်ဝန်းကျင်များ ထူထောင်ကြရပါမည့်အကြောင်း။ ။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သမဝါယမနှင့်ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း) ပါမောက္ခချုပ် ဒေါက်တာဥမ္မာစံ ကို အစမ်းခန့်ကာလ ( ၁ )နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်

**နေပြည်တော် ဩဂုတ် ၁၃**

ယနေ့ ညနေ၅နာရီခွဲအချိန် တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလား ပြည်နယ်တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဆက်လက်တည်ရှိနေ သည်။ အဆိုပါမုန်တိုင်းငယ်သည် မြန်မာနိုင်ငံ စစ်တွေမြို့၏ အနောက်မြောက်ဘက် ၃၃၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ကန်နင်းမြို့၏ အနောက်မြောက်ဘက် ၂၅မိုင်ခန့်နှင့် ကိုးလ်ကတ္တားမြို့၏ တောင်–အရှေ့တောင်ဘက် ငါးမိုင်ခန့်အကွာကိုဗဟိုပြုနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင်တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မိုး/ဇလ

## ၁၃ - ၈ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၀၅၀၀၀၀ ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)
ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

## (၁၃-၈-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၀.၅ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၇.၃ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၇,၇၈၅,၁၃၃.၇၄ | ၃,၆၂၅,၇၂၆.၅၆ | ၇၀,၄၇၄,၉၉၃.၅၆ | - |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ထုပ်ပိုးမှုပစ္စည်း၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်း တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍမှဝင်ရောက်ငွေကို CMP ကဏ္ဍသို့ ရောင်းချပေးခဲ့ပါသည်။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၄ - ၈ - ၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၆၅၀ | ၃၈၀၅ | ၃၇၅၅ | ၃၆၆၅ | ၃၈၁၀ | ၃၈၂၅ | ၃၈၅၅ | ၃၇၃၅ | ၄၁၀၅ | ၄၁၃၅ | ၃၇၅၅ | ၃၈၇၀ | ၃၈၄၅ | ၃၈၀၅ | ၃၈၁၅ | ၄၀၄၅ |
| 95 Ron | ၃၇၇၀ | ၃၉၂၅ | ၃၈၈၀ | ၃၇၉၀ | ၃၉၃၀ | ၃၉၄၅ | ၃၉၈၀ | ၃၈၆၀ | ၄၂၂၅ | ၄၂၅၅ | ၃၈၈၀ | ၃၉၈၅ | ၃၉၇၀ | ၃၉၂၅ | ၃၉၄၀ | ၄၁၆၅ |
| HSD (500 ppm) | ၄၀၂၀ | ၄၁၇၀ | ၄၁၂၀ | ၄၀၃၅ | ၄၁၇၀ | ၄၁၈၅ | ၄၂၁၅ | ၄၁၀၀ | - | ၄၄၈၀ | ၄၁၂၀ | ၄၆၆၀ | ၄၂၁၀ | ၄၁၇၀ | ၄၁၈၀ | ၄၃၉၅ |
| HSD (50 ppm) | ၄၈၇၀ | ၅၀၂၅ | ၄၉၇၅ | ၄၈၈၅ | ၅၀၃၀ | ၅၀၄၅ | ၅၀၇၅ | ၄၉၅၅ | ၅၃၂၅ | ၅၃၅၅ | ၄၉၇၅ | ၅၁၈၀ | ၅၀၆၅ | ၅၀၂၅ | ၅၀၃၅ | ၅၂၆၅ |
| HSD (10 ppm) | ၄၈၇၀ | ၅၀၂၅ | ၄၉၇၅ | ၄၈၈၅ | ၅၀၃၀ | ၅၀၄၅ | ၅၀၇၅ | ၄၉၅၅ | | ၅၃၅၅ | ၄၉၇၅ | ၅၁၈၀ | ၅၀၆၅ | ၅၀၂၅ | ၅၀၃၅ | ၅၂၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၄၅၄ | ၃၅၅၇ |
| 95 Ron | ၃၅၇၃ | ၃၆၇၈ |
| HSD (500 ppm) | ၃၈၂၅ | ၃၉၃၁ |
| HSD (50 ppm) | ၄၆၃၆ | ၄၇၅၈ |
| HSD (10 ppm) | ၄၆၃၆ | ၄၇၅၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိတ်ဆွေပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇– ၄၁၁၃၇၃၊ ၀၉–၂၅၄၆၂၅၄၇၇
၀၆၇– ၄၁၁၂၈၂၊ ၀၉–၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

**စာတည်းမှူးချုပ်** - ဟန်လင်းအောင်
**စာတည်းမှူး** - ခင်ရတနာ
**စာတည်းများ** - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
**ဘာသာပြန်စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**အကြီးတန်းသတင်းထောက်** - ကျော်သူဝင်း၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့်အဖွဲ့
**စာပြင်** - ဇော်မင်းသန်းနှင့် အဖွဲ့

**နေပြည်တော်–ဒုတိယစာတည်းမှူးချုပ်** ၀၆၇–၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇–၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇–၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ**–အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ **စာတည်းအဖွဲ့** ၀၁–၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁–၅၄၄၃၁၄၊ **စီမံ** ၀၁–၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁–၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ **Fax** ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ **Fax** ၀၁–၈၆၀၄၅၄၆။

**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

E-paper

# တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့လို

**"စုစည်းညီညွတ်တဲ့ တိုင်းပြည်တစ်ခုဖြစ်ဖို့အတွက် အားလုံးက ညီညွတ်ဖို့လိုပါတယ်။ ညီညွတ်ရုံနဲ့ မရသေးဘူး၊ တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လိုပါတယ်။ စည်းကမ်းရှိဖို့လည်း လိုတယ်။ တိုင်းပြည်မှာ စည်းကမ်းအရ လိုအပ်ချက်တွေရှိနေတာ အမှန်ပါပဲ။ ဒါကို စည်းကမ်းတကျ၊ ညီညီညွတ်ညွတ်နဲ့ အလုပ်လုပ်ကြမယ်ဆိုရင်၊ စွမ်းအားရှိသမျှ အလုပ်လုပ်ကြမယ်ဆိုရင် တိုင်းပြည်မဖွံ့ဖြိုး မတိုးတက်စရာအကြောင်း မရှိပါဘူး။"**

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၁၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

## လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ် ၆၂ / ၂၀၁၆
၁၃၇၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၅ ရက်
( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက် )

**လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ကချင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်သူရ အား စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ (ခ)၊ (င)၊ (စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ (ခ)၊ (စ)၊ (ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) တို့အရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဗိုလ်မှူးကြီး စိုးရန်နောင် အား ကချင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**၂၀၁၆-၂၀၁၇ ပညာသင်နှစ်**

**ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများ**

**(၁၀-၈-၂၀၁၆) ရက်နေ့မှ (၁၄-၈-၂၀၁၆) ရက်နေ့ထိ**

၁။ ကျောင်းအခြေပြု ကျန်းမာရေး အသိပညာမြှင့်တင်ရေးလုပ်ငန်း၊
၂။ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း၊
၃။ ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊
၄။ ကျောင်းအခြေပြု ရောဂါကာကွယ်ရေးလုပ်ငန်း၊
၅။ ကာယပညာနှင့် အားကစားလုပ်ငန်း၊
၆။ ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများ အန္တရာယ် ကင်းဝေးရေးလုပ်ငန်း၊
၇။ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုနှင့် ကျောင်းမှပြည်သူတွင်းသို့ မှုမှန်လူနေမှုဘဝပဟန်များ ရောက်ရှိရေးလုပ်ငန်း၊
၈။ နှစ်သိမ့်ပညာပေးဆွေးနွေးခြင်းနှင့် လူမှုရေးပံ့ပိုးမှုလုပ်ငန်း၊
၉။ သင်တန်းနှင့် သုတေသနလုပ်ငန်း။

**ပ ညာ မြင့် မှ လူ မျိုး တင့် မည်**

❖ *ရှေ့ဖုံးမှ*

အစည်းအဝေးသို့ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဘာသာရပ်ဆိုင်ရာအကဲဖြတ်ပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အဖိုးတန်ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များပင်ဖြစ်**

ဦးစွာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် အစည်းအဝေးသည် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မျိုးဆက်သစ်များထံသို့ လက်ဆင့်ကမ်းပေးခြင်းနှင့် အမျိုးသားယဉ်ကျေးမှုကို ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အလွန်အရေးပါသည့် အစည်းအဝေးတစ်ရပ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ရှေးဟောင်းယဉ်ကျေးမှုအစဉ်အလာများကို နှစ်ပေါင်းထောင်ချီ ထိန်းသိမ်းလာခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ အဆိုပါယဉ်ကျေးမှုအမွေအနှစ်များထဲတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး အနုပညာရပ်များသည် မြန်မာလူမျိုးတို့၏ စိတ်ဓာတ်၊ အတွေးအခေါ်၊ ယဉ်ကျေးမှုနှင့် လူနေမှုဘဝများကို ထင်ဟပ်ဖော်ပြနေသည့် အဖိုးတန်ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များပင်ဖြစ်ကြောင်း။

**အမျိုးသားအဆင့် ယဉ်ကျေးမှုပွဲတော်ကြီးတစ်ရပ်ဖြစ်**

ယနေ့ခေတ်တွင် နည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့် ကမ္ဘာလုံးဆိုင်ရာ ယဉ်ကျေးမှုကူးလူးယှက်နွယ်ဖလှယ်မှုများသည် အရှိန်အဟုန်မြင့်တက်လာသည်နှင့်အမျှ မိမိတို့၏ မူရင်းယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ပြန်လည်ဖော်ထုတ်မြှင့်တင်ခြင်းတို့ အပြင် မျိုးဆက်သစ်များ စိတ်ပါဝင်စားလာစေပြီး လက်ဆင့်ကမ်းလွှဲပြောင်းပေးအပ်နိုင်ရန် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို ကျင်းပပေးခြင်းသည် အနိုင်အရှုံးကိုသာ ဦးတည်ယှဉ်ပြိုင်ခြင်းမဟုတ်ဘဲ မျိုးဆက်သစ်အနုပညာရှင်များ ဖော်ထုတ်ပေးနိုင်ရန်၊ ရိုးရာအနုပညာရပ်များ ရှင်သန်ဖွံ့ဖြိုးစေရန်၊ အမျိုးသားယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထားသည့် စိတ်ဓာတ်များတိုးပွားစေရန်နှင့် နိုင်ငံတော်၏ အမျိုးသားရေးကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးနိုင်ရန် စသည်တို့အတွက် အရေးပါသည့် အမျိုးသားအဆင့် ယဉ်ကျေးမှုပွဲတော်ကြီးတစ်ရပ်ဖြစ်ကြောင်း။

**❏ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို ကျင်းပပေးခြင်းသည် အနိုင်အရှုံးကိုသာ ဦးတည်ယှဉ်ပြိုင်ခြင်းမဟုတ်ဘဲ မျိုးဆက်သစ်အနုပညာရှင်များ ဖော်ထုတ်ပေးနိုင်ရန်၊ ရိုးရာအနုပညာရပ်များ ရှင်သန်ဖွံ့ဖြိုးစေရန်၊ အမျိုးသားယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထားသည့် စိတ်ဓာတ်များ တိုးပွားစေရန်နှင့် နိုင်ငံတော်၏ အမျိုးသားရေးကိုယ်ခံစွမ်းအားကိုမြှင့်တင်ပေးနိုင်ရန် စသည်တို့အတွက် အရေးပါသည့် အမျိုးသားအဆင့် ယဉ်ကျေးမှုပွဲတော်ကြီးတစ်ရပ်ဖြစ်**

**စိတ်ရင်းစေတနာအပြည့်ဖြင့် ပူးပေါင်းဆောင်ရွက်**

ယခုကျင်းပမည့် (၂၇)ကြိမ်မြောက် ပြိုင်ပွဲသည် ယခင်ကျင်းပခဲ့သည့် ပြိုင်ပွဲများ၏ ကောင်းမွန်သည့် အတွေ့အကြုံများကို အခြေခံပြီး ပိုမိုစနစ်ကျနစွာဖြင့် အရည်အသွေးရှိရှိ ကျင်းပနိုင်ရေးကို ရည်မှန်းထားရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းတိကျစွာ ချမှတ်ဆောင်ရွက်ရန်၊ အကဲဖြတ်မှုများကို မျှတပွင့်လင်းပြီး ပညာရှင်ဆန်စွာ ဆောင်ရွက်နိုင်ရန်နှင့် ပြိုင်ပွဲဝင်များ၏ အရည်အချင်းကို မှန်ကန်စွာ သုံးသပ်အကဲဖြတ်နိုင်ရန် အထူးဂရုပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထာဝစဉ်ရှင်သန်ဖွံ့ဖြိုးရေး၊ အနုပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားယဉ်ကျေးမှုကို နိုင်ငံတကာအလယ်တွင် ဂုဏ်ယူစွာဖော်ဆောင်နိုင်ရေးတို့အတွက် အစဉ်တစိုက်အားပေးမြှင့်တင်လျက်ရှိကြောင်း၊ ထို့ကြောင့် ယခုကျင်းပမည့်ပြိုင်ပွဲကိုလည်း အမျိုးသားစည်းလုံးညီညွတ်မှု၊ ယဉ်ကျေးမှုဂုဏ်သိက္ခာနှင့် မြန်မာ့အနုပညာ အစဉ်အလာများကို ပိုမိုထင်ဟပ်ဖော်ဆောင်ပြီး အောင်မြင်သည့် ပြိုင်ပွဲတစ်ရပ်ဖြစ်လာစေရေးအတွက် အားလုံးက စိတ်ရင်းစေတနာအပြည့်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

(၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် ကောင်းမွန်သည့် စီစဉ်ဆောင်ရွက်မှုများ၊ လိုအပ်သည့် ကြိုတင်ပြင်ဆင် ကြိုးပမ်းအားထုတ်မှုများနှင့် ကျင်းပဆောင်ရွက်နိုင်ရန်သာမက ဗဟိုအဆင့် ကျင်းပသည့် ယခုပြိုင်ပွဲကြီးသည် မြန်မာနိုင်ငံသားများ၏ အမျိုးသားယဉ်ကျေးမှုလက္ခဏာများကို ထင်ဟပ်ဖော်ပြနေသည့် ပြိုင်ပွဲတစ်ရပ်ဖြစ်စေရန်အတွက်လည်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများအနေဖြင့် ရင်းနှီးပွင့်လင်းစွာ ဝိုင်းဝန်းဆွေးနွေးတင်ပြပေးကြရန် အလေးအနက် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြကြ**

ထို့နောက် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က ပြိုင်ပွဲကျင်းပသွားမည့် လုပ်ငန်းအစီအမံများနှင့် ဆုများပေးအပ်ချီးမြှင့်သွားမည့် အခြေအနေများကိုလည်းကောင်း၊ ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးအေးထွန်းက ပြိုင်ပွဲကျင်းပနိုင်ရေးအတွက် လုပ်ငန်းတာဝန်များ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# မြန်မာ - ဘယ်လာရုစ် နှစ်နိုင်ငံအကြား အမျိုးသမီးရေးရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်ပူးပေါင်းဆောင်ရွက်မှု ဆက်လက်မြှင့်တင်ရေးဆွေးနွေး



**နေပြည်တော် ဩဂုတ် ၁၃**

မြန်မာ - ဘယ်လာရုစ် နှစ်နိုင်ငံအကြား အမျိုးသမီးရေးရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်ပူးပေါင်းဆောင်ရွက်မှု ဆက်လက်မြှင့်တင်ရေးတို့ကို အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ Belaya Rus ပါတီဥက္ကဋ္ဌ Ms. Olga Chemodanova ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံစဉ် ဆွေးနွေးခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းက အမျိုးသမီးရေးရာဝန်ကြီးဌာန ဧည့်ခန်းမ၌ ကျင်းပခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံလူဦးရေ၏ ၅၃ ရာခိုင်နှုန်းခန့်မှာ အမျိုးသမီးများဖြစ်ကာ ကျေးလက်နေ အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ ဖွံ့ဖြိုးတိုးတက်ရေးဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း(National Strategic Plan for Advancement of Women-NSPAW) အကောင်အထည်ဖော်ရေးနှင့် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် လူမှုဘဝလုံခြုံရေးအတွက် အမျိုးသမီးရေးရာဝန်ကြီးဌာနကို ဖွဲ့စည်းတည်ထောင်ခဲ့ပြီး အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးကဏ္ဍများတွင် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် အခြားနိုင်ငံများ၏ အတွေ့အကြုံကောင်းများကို လေ့လာလိုကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ Ms. Olga Chemodanova က ၂၀၂၆ ခုနှစ်ကို ဘယ်လာရုစ်သမ္မတနိုင်ငံ၏ အမျိုးသမီးများနှစ်အဖြစ် သတ်မှတ်ထားကြောင်း၊ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးတစ်ဦးအနေဖြင့် မိမိ၏ မိသားစု၊ ကလေးသူငယ်များကို မည်သို့ကာကွယ်စောင့်ရှောက်ရမည်ကို သိရှိရန်အသိပညာပေး အစီအစဉ်များ ထည့်သွင်းဆောင်ရွက်ရန်နှင့် ကျန်းမာရေးသည် အရေးကြီးသည့်အတွက် အမျိုးသမီးများ ကျန်းမာရေးအသိပညာရရှိရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

**သတင်းစဉ်**



❑ *ရှေ့ဖုံးမှ*

ထို့ပြင် ဘဏ်များအနေဖြင့် ပြည်သူများ၏ အပ်နှံငွေများကို လက်ခံပြီး စီးပွားရေးလုပ်ငန်းများသို့ ချေးငွေအဖြစ် ပြန်လည်ခွဲဝေထုတ်ချေးပေးရခြင်းဖြစ်သည့်အတွက် အဆိုပါချေးငွေ၏ ဆုံးရှုံးနိုင်ခြေကို လျှော့ချနိုင်ရေးနှင့် အရည်အသွေးကောင်းမွန်သည့် Quality Loan များ ဖြစ်ပေါ်စေရေးသည်လည်း အရေးကြီးကြောင်း၊ ချေးငွေ၏ အရည်အသွေးနှင့် ပြန်လည်ပေးဆပ်နိုင်စွမ်းကို အလေးထားစောင့်ကြည့်ရန် လိုအပ်မည်ဖြစ်ကြောင်း ဗဟိုဘဏ်ဥက္ကဋ္ဌက ဆွေးနွေးပြောကြားခဲ့ပြီး ဘဏ်များအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း၊ စက်မှုလုပ်ငန်းနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုဘဏ္ဍာရေးနှစ်မှစတင်၍ ပိုမိုထိရောက်စွာ ရင်းနှီးမြှုပ်နှံရေးနှင့် ချေးငွေထုတ်ချေးပေးနိုင်ရေးအတွက် ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် နည်းလမ်းများကို ဦးစားပေးကဏ္ဍတစ်ခုချင်းစီအလိုက် မှာကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် တက်ရောက်လာသည့် ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများက တွေ့ကြုံရသည့် အခက်အခဲများ၊ ၎င်းတို့၏ ငွေကြေးရန်ပုံငွေဖြင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆောင်ရွက်မည့် အစီအစဉ်များနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးတင်ပြရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# အကြမ်းဖက်ဖြစ်စဉ်များကြောင့် ဖလမ်းမြို့ရှိ ပျက်စီးသွားသည့် ဌာနဆိုင်ရာရုံးများကို အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေဖြင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ဖလမ်း ဩဂုတ် ၁၃**

အကြမ်းဖက် ဖြစ်စဉ်များကြောင့် ဖလမ်းမြို့ရှိ ပျက်စီးသွားသည့် ဌာနဆိုင်ရာရုံးများကို အမျိုးသား သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါရုံးများ ပြန်လည်ပြုပြင် ဆောင်ရွက်နေမှုများကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ကျော်စွာဦးသည် ယနေ့တွင် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီအဖွဲ့ဝင်များနှင့်အတူ ကြည့်ရှုစစ်ဆေးသည်။**(အောက်ပုံ)**

ဒုတိယဝန်ကြီးနှင့် အဖွဲ့က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးရုံး အမိုးလဲလှယ်နေမှု၊ မြို့နယ်ဦးစီးမှူးရုံး အဆောက်အအုံနံရံများနှင့် ပြတင်းတံခါးများ ပြင်ဆင်နေမှု၊ မြို့နယ်အခွန်ဦးစီးဌာနရုံး ကြမ်းခင်းများ ပြန်လည်ပြုပြင်နေမှု၊ မြို့နယ်သမဝါယမဦးစီးဌာနရုံး ဝန်ထမ်းအိမ်ရာ အမိုးနှင့်ကြမ်းခင်းများ ပြန်လည်ပြုပြင်နေမှုနှင့် ရုံးအဆောက်အအုံ အမိုးများလဲလှယ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားရန် မှာကြားသည်။

အလားတူ တီးတိန်မြို့နယ်အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့သည့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး အဆောက်အအုံ၊ မြို့မရဲစခန်း အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာ ခြောက်ခန်းတွဲ နှစ်ထပ်၊ မြို့နယ်သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနပိုင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း စားရိပ်သာ အဆောက်အအုံ၊ တီးတိန်မြို့ခုတင် (၁၀၀) ဆံ့ ပြည်သူ့ဆေးရုံ အဆောက်အအုံ ပြတင်းတံခါးမှန်များ ပြင်ဆင်နေမှုနှင့် မြို့နယ်လမ်းဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်နေသည့် မြို့တွင်း မြေထိန်းနံရံ တည်ဆောက်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့အတူ တွန်းဇံမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီအတွင်းရေးမှူးသည် တစ်စိတ်တစ်ပိုင်းပြုပြင်ရမည့် နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း နည်းပြအိပ်ဆောင်၊ ခုတင် (၅၀) ဆံ့ ပြည်သူ့ဆေးရုံ၊ မြို့နယ်လျှပ်စစ်ရုံးပြုပြင်ခြင်းနှင့် မြို့နယ်ဥပဒေရုံး ပြုပြင်ပြီးစီးမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မင်းဘူး၊ မကွေး၊ ပြည်၊ ဟင်္သာတနှင့် ဇလွန်မြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြု

**နေပြည်တော် ဩဂုတ် ၁၃**

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မင်းဘူးမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၄၆ စင်တီမီတာအလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မကွေးမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၆၂ စင်တီမီတာအလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ပြည်မြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၅၁ စင်တီမီတာအလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၂၁ စင်တီမီတာအလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၃၀ စင်တီမီတာအလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မင်းဘူးမြို့နယ်၊ မကွေးမြို့နယ်၊ ပြည်မြို့နယ်၊ ဟင်္သာတမြို့နယ်နှင့် ဇလွန်မြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**



❍ *ရှေ့ဖုံးမှ*

ဆိုင်ရာ ဗဟုသုတများရရှိစေရန် ရည်ရွယ်၍ ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီး ခရိုင် အထက(မြို့မ)မှ ကျောင်းသားကျောင်းသူများနှင့် ဆရာ ဆရာမများသည် ရန်ကုန်မြို့ အမျိုးသားပြတိုက်နှင့် အာကာသပြတိုက်များသို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ ခေတ်အဆက်ဆက် သမိုင်းမှတ်တမ်းများ၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ရာ အမျိုးသားပြတိုက်မှ တာဝန်ရှိသူတစ်ဦးက အမျိုးသားပြတိုက်၏ သက်တမ်း၊ မြန်မာ့သမိုင်းနှင့် ယဉ်ကျေးမှုဆိုင်ရာပြခန်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အာကာသပြတိုက်သို့ သွားရောက်ကာ ပြတိုက်အတွင်း၌ Deep Space Exploration ပြခန်း၊ Space Station ပြခန်း၊ အာကာသအတွင်း စေလွှတ်ခဲ့သည့် ဒုံးပျံများ၊ ဂြိုဟ်များ၊ နက္ခတ်တာရာများ စသည့် အာကာသဆိုင်ရာ ဗဟုသုတများကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **ဝတ်ရည်(ပြန်/ဆက်)**



## နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာဖြင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများအား လက်တွဲပူးပေါင်းဆောင်ရွက်နိုင်ရေး အမြင်ချင်းဖလှယ်ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၃**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ရန်ကုန်မြို့ အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Nguyen Anh Duc နှင့်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ ဖြစ်သည်နှင့်အညီ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာဖြင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းများအား ဆက်လက်လက်တွဲပူးပေါင်းဆောင်ရွက်နိုင်ရေး အခြေအနေတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

ထို့ပြင် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား ပြည်ဝင်ဗီဇာနှင့် နေခွင့်ဆိုင်ရာကိစ္စရပ်များ အပြန်အလှန် ခွင့်ပြုဆောင်ရွက်ပေးမှု၊ ကူညီကယ်တင်ပေးရန် ညှိနှိုင်းထားသည့် မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်ပြီး ဖော်ထုတ်ဖမ်းဆီးရမိသည့် ဗီယက်နမ်နိုင်ငံသားများအား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအရ အရေးမယူဘဲ ပြည်နှင့်လွှဲပြောင်းပေးမှုနှင့် အွန်လိုင်းငွေကြေး လိမ်လည်မှုဖြစ်စဉ်များတွင် အရေးယူခံရ၍ ပြစ်ဒဏ်ကျခံနေသည့် ဗီယက်နမ်နိုင်ငံသားများ အခြေအနေ၊ ဗီယက်နမ်နိုင်ငံသားများ မြန်မာနိုင်ငံသို့ တရားဝင်လာရောက်နိုင်ရေးနှင့် တရားမဝင် ဝင်ရောက်မှုမရှိစေရေး အသိပေးပြောကြားထားရန်လိုအပ်မှုတို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့်အတူ ဒုတိယဝန်ကြီး ဦးလင်းဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ယာယီရေဘေးရှောင်စခန်းရှိ ရေဘေးသင့်အိမ်ထောင်စုများအား တစ်ပတ်စာဆန်ရိက္ခာဖိုးငွေ၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာနှင့် ကြက်ဥ ထောက်ပံ့ပေးအပ်

**မန္တလေး ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တလင်းကြီးကျေးရွာအုပ်စု ဝဲကြီးဆင်ရွာကျေးရွာ ယာယီရေဘေးရှောင်စခန်းရှိရေဘေးသင့် အိမ်ထောင်စု ၂၉၅ စု၊ လူဦးရေ ၉၅၀ အတွက် ငွေကျပ် ၇၈ သိန်း တန်ဖိုးရှိ တစ်ပတ်စာဆန်ရိက္ခာဖိုးငွေ၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာနှင့် ကြက်ဥတို့ ထောက်ပံ့ပေးအပ်ခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ ယာယီရေဘေးရှောင်စခန်းရှိ ရေဘေးသင့်ပြည်သူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ တွေ့ဆုံအားပေးစကား ပြောကြားသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာမှုများကြောင့် သဘာဝဘေးအန္တရာယ်များ ပိုမိုဖြစ်ပွားလျက်ရှိပြီး သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်မှုလျော့နည်းစေရေး အဓိကဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခုရေဘေးသင့်ဒေသတွင် နှစ်စဉ်ရေလွှမ်းမိုးလေ့ရှိသည့်အတွက် ဒေသနေပြည်သူများအနေဖြင့် အတွေ့အကြုံ အထိုက်အလျောက်ရှိပြီး ကြိုတင်ပြင်ဆင်မှု အသင့်ရှိသောကြောင့် အသက်ဆုံးရှုံးမှုမရှိခြင်းဖြစ်ကြောင်း၊ သို့သော် ယခင်နှစ်များကထက် ရေလွှမ်းမိုးမှုပမာဏ ပိုမိုနေသည့်အတွက် စခန်းများတွင် နေထိုင်သည့်ကာလ အနည်းငယ် ကြာမြင့်နိုင်ပါကြောင်း၊ ရေကြီးရေလျှံမှုနှင့် ဆက်စပ်ကြုံတွေ့ရလေ့ရှိသော ဝမ်းပျက်ဝမ်းလျှောအပါအဝင် အခြားသော ရောဂါအန္တရာယ်များ မဖြစ်စေရေး အထူးသတိပြု ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ဇလွန်မြို့နယ်ရှိ ရေဝတီ-ဟသ်ာတ တာကြံ့ခိုင်ရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ရန်၊ အလှည့်ကျကင်းလှည့် စောင့်ကြည့်မည့်အဖွဲ့များဖြင့် မပြတ်စောင့်ကြည့်သွားကြရန် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် မှာကြား

**နေပြည်တော် ဩဂုတ် ၁၃**

ဇလွန်မြို့နယ်ရှိရေဝတီ-ဟသ်ာတ တာကြံ့ခိုင်ရေးနှင့် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများအား အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ရန်၊ အလှည့်ကျကင်းလှည့် စောင့်ကြည့်မည့်အဖွဲ့များဖြင့် မပြတ်စောင့်ကြည့်သွားကြရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ယမန်နေ့က အဆိုပါတာအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ် မှာကြားခဲ့သည်။



ရေဝတီ-ဟသ်ာတ တာ တာမိုင် (၃၀/၀) မှ (၃၀/၃)နေရာနှင့် တာမိုင် (၃၂/၀) မှ တာမိုင် (၃၂/၃) နေရာတို့ကို ရေခွေပြုလုပ်၍ သဲအိတ်ချကာကွယ်မှုများ ဆောင်ရွက်ထားကြောင်း သိရသည်။

ထို့ပြင် ဟသ်ာတမြို့နယ် အိပ်ပျက်ကျေးရွာအုပ်စု ဖောင်ဆိပ်ကျေးရွာအနီး ဟသ်ာတကမ်းနားတာ တာမိုင်(၅/၄)ရှိ ရေကင်းစခန်းအမှတ်(၉)အား လည်းကောင်း၊ တာမိုင် (၅/၃) ရှိ တာတမံနှင့် မြစ်ကမ်းအခြေအနေကိုလည်းကောင်း၊ ဖြတ်တာ (၁-င)တာနှင့် မဲဇလီညွန့်ဖြတ်တာတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာတမံ ထိခိုက်စေနိုင်သည့် အချက်များတွေ့ရှိပါက ကာကွယ်ရန်နည်းလမ်းများ၊ သတိပြုရမည့် အချက်များ၊ အချိန်မီကာကွယ်နိုင်ရေးလုပ်ငန်းစဉ်များ၊ ဆောင်ရွက်ရန် လိုအပ်ချက်များ၊ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်းပြီး စဉ်ဆက်မပြတ်ရေကင်းလှည့်ကြရန်၊ စုဆောင်းထားရှိသည့် အရေးပေါ်ပစ္စည်းများကို လိုအပ်သည့်နေရာများသို့ အမြန်ဆုံးသယ်ယူပို့ဆောင်နိုင်ရေးနှင့် ထပ်မံလိုအပ်ပါက ရေလမ်း၊ ကုန်းလမ်းမှ ဖြည့်စွက်ထားရှိနိုင်ရေး ကြိုတင်စီစဉ်ထားရန် အသေးစိတ်ဆွေးနွေးမှာကြားသည်။

ဩဂုတ် ၁၀ရက် ညနေပိုင်းက လေးမျက်နှာမြို့နယ် သခွတ်ချောင်းကျေးရွာ ရေကင်းစခန်းအမှတ်(၂) အနီး တာမိုင် ၂၆/၃ မှ ၂၆/၄ အတွင်း၊ အုတ်အိုင်ကျေးရွာအနီး တာမိုင် ၂၇/၀ မှ ၂၇/၁ အတွင်း၊ အိုင်သပြေကျေးရွာအနီး တာမိုင် ၃၁/၂ မှ ၃၁/၃ အတွင်းရှိ ငဝန်ရေကာတာ၏ ကြံ့ခိုင်မှု၊ ငဝန်မြစ်ကြောင်း တစ်လျှောက် သဲသောင်ဖြစ်ပေါ်နေမှု၊ ကမ်းပြိုကမ်းစားဖြစ်ပေါ်နေမှု၊ အိုင်သပြေကျေးရွာအနီး Geotextile အစများဖြင့် ကမ်းပြိုကမ်းစားကာကွယ်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့် နေရာများတွင် ကမ်းပြိုကမ်းစား လျော့နည်းရေးနှင့် ရေကာတာများ ရေတိုက်စားမှုသက်သာစေရေးအတွက် ရေလမ်းကြောင်း ပြန်တည့်ခြင်းနှင့် သဲသောင်တူးဖော်ခြင်း လုပ်ငန်းများဆောင်ရွက်နိုင်ရန် နည်းပညာပိုင်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မြို့သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေး ကွင်းဆင်းစစ်ဆေး

**မအူပင် ဩဂုတ် ၁၃**

မအူပင်မြို့သန့်ရှင်းသာယာလှပစေရေး၊ ရေစီးရေလာ ကောင်းမွန်စေရေး မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် သက်ဆိုင်ရာဌာနများ၏ လုပ်ငန်းဆောင်ရွက်မည့်အခြေအနေများနှင့် ပတ်သက်၍ ဩဂုတ် ၁၂ ရက်က တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်ဦးနှင့်အဖွဲ့သည် တိုးမာလာလမ်းတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်နေမှုများ၊ ပံတပွတ်လမ်းဘေးဝဲယာ သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှုများ၊ မြို့ရှောင်လမ်းဘေး အရာတော်ချောင်းရေစီးရေလာ ကောင်းမွန်စေရေး ဆောင်ရွက်ထားရှိမှုနှင့် မြို့ရှောင်လမ်းတစ်လျှောက် ရေစီးရေလာ ကောင်းမွန်စေရေးဆောင်ရွက်နေမှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)ရှေ့ရှိ ရေနုတ်မြောင်းအတွင်း ရေစီးရေလာ ကောင်းမွန်စေရေး ဗေဒါပင်များဆည်ယူနေမှုကို ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ထို့နောက် မအူပင်တက္ကသိုလ်အစည်းအဝေးခန်းမ၌ မအူပင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနီနီဦး၊ တက္ကသိုလ်ရှိဌာနအသီးသီးမှ ဌာနမှူးများနှင့်တွေ့ဆုံ၍ တက္ကသိုလ်အတွင်းအပြင် သန့်ရှင်းသာယာလှပရေး၊ တက္ကသိုလ်ဥယျာဉ်ကောင်းမွန်စေရေး၊ ရေနုတ်မြောင်းများရေစီးရေလာ ကောင်းမွန်စေရေးကိစ္စရပ်များအားပြောကြားပြီး တက္ကသိုလ်ဘောလုံးကွင်း တည်ဆောက်မည့်မြေနေရာနှင့် အဆောင်သစ်ဆောက်လုပ်နေမှုများကို ကြည့်ရှုခဲ့သည်။ **အောင်မြင့်မြတ်(ပြန်/ဆက်)**



## မိုးအသင့်အတင့် ထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၁၃**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# ကျန်းမာကြံ့ခိုင်သော နိုင်ငံတော်၏ အခြေခံအုတ်မြစ် (သို့မဟုတ်) ကျောင်းကျန်းမာရေး

**လူသားတစ်ဦး မွေးဖွားသည်မှ အိုမင်းကာ သေဆုံးသည်အထိ ဖြတ်သန်းခဲ့ရသော ဘဝခရီးတွင် တစ်ဦးနှင့်တစ်ဦး၊ တစ်ယောက်နှင့်တစ်ယောက် လိုအပ်ချက်များ၊ လိုအင်များ မတူညီနိုင်ကြပေ။ သို့သော် အခြေခံဇီဝကမ္မသဘောတရားအရ လိုအင်များကို ခွဲခြမ်းစိတ်ဖြာလိုက်ပါလျှင် အခြေခံလိုအင်များသည် သက်တမ်း၏ ဆယ်စုနှစ်အလိုက် တူညီတတ်ကြသည်ကို တွေ့ရှိရပါသည်။**

နန္ဒဝင်း (ဆေး-၁)

ပထမဆယ်နှစ်တွင် ကလေးတို့သည် ချစ်ခြင်းမေတ္တာကို အဓိကလိုအင်အဖြစ် တမ်းတတတ်ကြပါသည်။ မွေးဖွားသည်မှ အသက်ဆယ်နှစ်အကြား ကလေးငယ်ဘဝတွင် ချစ်ခြင်းမေတ္တာကို မှန်ကန်စွာ ရရှိခဲ့သောသူ၏ ဘဝလမ်းခရီးသည် အခြားအခြေအနေအရပ်ရပ်တူပါသော်လည်း ချစ်ခြင်းမေတ္တာကိုမှန်ကန်စွာ မရရှိခဲ့သူများနှင့် နှိုင်းယှဉ်ပါလျှင် အစစအရာရာ နှာတစ်ဖျား၊ နီးတစ်ဖျား၊ ခေါင်းတစ်လုံးမက သာနေ၊ ကျော်နေတတ်သည်ကို တွေ့ရပါသည်။

ဒုတိယဆယ်နှစ်အတွက် အဓိကလိုအင်မှာ အသိပညာ အတတ်ပညာသင်ကြားမှုပင် ဖြစ်ပါသည်။ အသက်ဆယ်နှစ်မှ နှစ်ဆယ်ကြား လူငယ်လေးဘဝတွင် အသိပညာအတတ်ပညာကို ကောင်းမွန်စွာ သင်ကြားလေ့လာခွင့်ရသောသူများသည် ကျန်မရရှိသောသူများထက် ဘဝခရီးတောက်လျှောက်တွင် ပိုမိုအေးချမ်း ချောမွေ့သာယာစွာ အောင်မြင်မှုများကို ရရှိနိုင်သည်ကို သုံးသပ်မိပါသည်။

ထို့အတူပင် တတိယဆယ်နှစ်ကား မိတ်ဆွေကောင်း၊ စတုတ္ထဆယ်နှစ်ကား စီးပွားရေး၊ ပဉ္စမဆယ်နှစ်ကား နေရာဌာန၊ ဆဌမဆယ်နှစ်ကား တပည့်ကောင်း၊ သတ္တမဆယ်နှစ်ကား နှလုံးသွင်းတတ်မှု၊ အဌမဆယ်နှစ်ကား ကျန်းမာရေးဟူ၍ သုံးသပ်သိရှိရပါသည်။

အသက်ရှစ်ဆယ်ထက်ကျော်လွန်၍ နေရမှုကား ဖြစ်သမျှအကြောင်းအရာတို့သည် ကံနှင့်ကံ၏ အကြောင်းတရားများကြောင့်၊ အကြောင်းကြောင့် အကျိုးပေးသည်ဟု မှတ်ယူကာ ဖြစ်သမျှကို အရှိအတိုင်းမြင်တတ်သော ဥပေက္ခာတရားသာ လိုအင်ဖြစ်ပေတော့သည်။

ကျွန်တော်တို့လူသားဘဝအစ ပထမဆယ်နှစ်တာကာလတွင် အခြေခံအားဖြင့် မွေးဖွားသည်မှ အသက်ငါးနှစ်အထိ မိဘဘိုးဘွား မိသားစုများ၏ လက်ဝယ်ကြီးပြင်းခဲ့ရပါသည်။ ထိုကာလများတွင် များသောအားဖြင့် အလွန်ပြင်းထန်သော ခံစားချက်များမှအပ ကျန်အတွေ့အကြုံတို့သည် မှတ်ဉာဏ်တွင် အမှတ်တရ မမှတ်မိတတ်ကြပေ။ ဆေးပညာအရ ထိုအဖြစ်အပျက်ကို သဘာဝအရ ကလေးဘဝမေ့လျော့ခြင်း (Natural Childhood amnesia) ဟု သတ်မှတ်တတ်ကြပါသည်။

လောကဓမ္မအစဉ်အလာအရ အသက်ငါးနှစ်မှ ဆယ်နှစ်ကြားကာလတွင် မူလတန်းအဆင့် ပညာရေးကို သင်ကြားခဲ့ရရာ နေ့တစ်နေ့၏ နိုးကြားနေသော အချိန်အများစုသည် စာသင်ကျောင်းနှင့် ပတ်ဝန်းကျင်တို့တွင်သာ ကုန်ဆုံးခဲ့ရလေတော့သည်။ ထိုကာလကား မှတ်ဉာဏ်တို့ ဖွံ့ဖြိုးကာ လေ့လာသင်ယူ တွေးတောနိုင်စွမ်းတို့ စတင်ဖွံ့ဖြိုးချိန်ဖြစ်လေရာ ဘဝတွင် အမှတ်မထင်ရော မှတ်မှတ်ထင်ထင်ပါ သတိရတတ်စေသော ကာလတစ်ခုဟု သတ်မှတ်ထားကြပါသည်။

ထို့ကြောင့် ခေတ်သစ်မူလတန်းပညာရေးသင်ကြားမှုစနစ်တွင် အရေး၊ အဖတ်၊ အတွက် အချက်ပညာရပ်ဆိုင်ရာ အခြေခံများကို ၅၀ ရာခိုင်နှုန်း၊ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး၊ ပတ်ဝန်းကျင်နှင့် သဟဇာတ လိုက်လျောညီစွာ ဆက်ဆံတတ်ရေး၊ ခံစားချက် ခံယူချက်ရင့်သန်ရေးဆိုင်ရာ အခြေခံများကို ၃၀ ရာခိုင်နှုန်းနှင့် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး အခြေခံသင်ကြားမှုများကို ၂၀ ရာခိုင်နှုန်းအထိ ပါဝင်ရမည်ဟု စတင်ဆွေးနွေးလာကြခြင်းဖြစ်ပေမည်။

> **❝ ဘဝတစ်ခု၏ ပထမနှစ်နှစ်ဆယ်ကာလ၊ ဦးနှောက်မှတ်ဉာဏ် သင်ကြားနာယူမှု အများဆုံး လုပ်ဆောင်နေရချိန်ဝယ် မှန်ကန်သော ချစ်ခြင်းမေတ္တာ၊ မှန်ကန်သော အသိပညာ၊ ပတ်ဝန်းကျင်၊ အမူအကျင့်၊ အလေ့အထများရရှိရေးသည် ဘဝတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်အောင်မြင်ရေးအတွက် အခြေခံပင်ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး၊ အခက်အခဲများကို တည်ငြိမ်စွာ ပူးပေါင်းကျော်ဖြတ်နိုင်ရေး အတွက် လူသားတိုင်း၏ ဘဝပထမနှစ်နှစ်ဆယ်ကာလတွင် စာသင်ကျောင်းဟူသော ပတ်ဝန်းကျင်တွင် စနစ်တကျ နည်းလမ်းမှန်စွာ ပြုစုပျိုးထောင်နိုင်မှုက အရေးပါသော ကဏ္ဍမှပါဝင် ❞**

စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး (Socio–emotional and physical learning) သင်ကြားခံရသော ကလေးများသည် ပညာရပ်ပိုင်းဆိုင်ရာများသာ ရာနှုန်းပြည့် သင်ကြားခွင့်ရသော အခြားအခြေအနေတူ ကလေးများထက် လူလတ်ပိုင်းကာလရောက်သောအခါ ၁၁ ရာခိုင်နှုန်းနီးပါး လူမှုရေး၊ စီးပွားရေး၊ အတွေးအခေါ်ပိုင်းဆိုင်ရာ ကိစ္စရပ်များတွင် ပိုမိုအဆင်ပြေအောင်မြင်ကြသည်ကို သုံးသပ်တင်ပြသူများရှိလာကြပါသည်။

ကျန်းမာရေး ပညာပေးလုပ်ငန်းများတွင် အမူအကျင့်ပြောင်းလဲရေးသည် အဓိကရည်မှန်းချက် ဖြစ်ပါသည်။ ကျန်းမာသော လူ့ဘောင်အဖွဲ့အစည်း တစ်ရပ် ဖြစ်ပေါ်လာစေရန် အမူအကျင့်ကောင်းများ စွဲမြဲစွာ ဖြစ်ထွန်းရေးအတွက် အခြေခံအဆင့်လေးဆင့် လိုအပ်ပါသည်။ ပထမအဆင့်သည် ကောင်းမွန်စွာ သတိပြုမိခြင်းဖြစ်ပါသည်။ ထိုမှတစ်ဆင့် ဒုတိယအဆင့် ပါဝင်လှုပ်ရှားလာကာ တစ်ဖန် တတိယအဆင့် ယုံကြည်သက်ဝင်မှုရရှိလာပြီး နောက်ဆုံးအဆင့် မိမိတို့ကျန်းမာရေးအတွက် မိမိတို့သည်လည်း တာဝန်ရှိသည်ဟူသော အသိစိတ် ရရှိခဲ့ပါလျှင် အောင်မြင်ပြီဟုဆိုရပေမည်။

လွန်ခဲ့သောနှစ်နှစ်ဆယ်နီးပါးက သွေးလွန်တုပ်ကွေးရောဂါများပြားစွာဖြစ်နေသော တိုက်နယ်လေးတစ်ခုတွင် မူလတန်းကျောင်းသားငယ်လေးများကို အခြေပြု၍ ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ဖူးပါသည်။ ထိုအခါက ကလေးငယ်များ၏ တက်ကြွစွာပူးပေါင်းဆောင်ရွက်မှုဖြင့် ငါးနှစ်ဆက်တိုက် သွေးလွန်တုပ်ကွေးကြောင့် သေဆုံးသူမရှိသည့် ဝန်းကျင်တစ်ရပ်ကို တည်ဆောက်နိုင်ခဲ့ပါသည်။ ထိုသာမက ထိုအခါက ကလေးငယ်များသည် ယခုအခါ လူငယ်ခေါင်းဆောင်များအဖြစ် နယ်ပယ်အသီးသီးတွင် ရောက်ရှိနေကြရာ သူတို့သည် ပိုးလောက်လမ်းနှိမ်နင်းရေးကို ယနေ့တိုင် လုပ်ဆောင်နေဆဲဖြစ်ကာ သူတို့၏ ပတ်ဝန်းကျင်တွင် ခြင်ကြောင့်ဖြစ်တတ်သောရောဂါများ ကင်းစင်နေကြသည်ကို ကြည်နူးဖွယ် ပြန်သိခွင့်ရခဲ့ပါသည်။ အပြုအမူမှသည် အလေ့အထ ထိုမှသည် ယဉ်ကျေးမှုတစ်ရပ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟူသော ဆိုရိုးစကားကို သတိရမိပါသည်။

မူလတန်းကျောင်းသားအဆင့်တွင် ကောင်းမွန်သော အမူအကျင့်များရရှိစေရေး လိုသကဲ့သို့ အလယ်တန်းကျောင်းသားဘဝ အသက်ဆယ်နှစ်မှ ဆယ့်ငါးနှစ်ဝန်းကျင်ကာလတွင် သက်သေခိုင်လုံ၍ မှန်ကန်သော သတင်းအချက်အလက်များ ရရှိရေးသည်လည်း အရေးပါလှပါသည်။ ဆိုခဲ့သလိုပင် ဘဝ၏ ဒုတိယဆယ်နှစ်တာကာလတွင် အသိပညာ အတတ်ပညာများ ကောင်းမွန်စွာရရှိရေးသည် ဘဝ၏ အခြေခံလိုအင်ပင် ဖြစ်ပေသည်။

ဇီဝကမ္မပြောင်းလဲမှုအရ ထိုအချိန်တွင် ဆယ်ကျော်သက်ကလေးများသည် ဝေဖန်ပိုင်းခြားလိုစိတ်များ မြင့်တက်နေသော အချိန်ဖြစ်၍ သက်သေခိုင်လုံသော မြင်သာထင်သာလွယ်သည့် သက်သေပြနိုင်သော သတင်းအချက်အလက်များကို နှစ်သက်ယုံကြည်တတ်ကြပါသည်။ ကျွန်တော်တို့ငယ်စဉ်က ဆေးလိပ်ကြာရှည်သောက်၍ အဆုတ်ကင်ဆာဖြစ်ကာ သေဆုံးသွားသူ၏ အဆုတ်ကို ကြိုတင်ခွင့်ပြုချက်ဖြင့် ထုတ်ယူဆေးစိမ်ပြီး လူနာ၏ ဘဝဇာတ်ကြောင်းဖြင့်နှိုင်းယှဉ်၍ လာရောက်ဟောပြောသော ဟောပြောပွဲတစ်ခု တက်ဖူးခဲ့ပါသည်။ ထိုစဉ်မှစ၍ ယနေ့တိုင် မည်သို့သောပတ်ဝန်းကျင်ဖိအားကြောင့်ဖြစ်စေ ဆေးလိပ်သောက်ခြင်းကို လုံးဝရှောင်ကြဉ်နိုင်ခဲ့ပါသည်။

အထက်တန်းကျောင်းသားဘဝသို့ ရောက်သောအခါ ဆယ်ကျော်သက်ဘဝ အစကပင် တည်ရှိခဲ့သော စူးစမ်းလိုစိတ်မှသည် လက်တွေ့စမ်းသပ်လိုသော (အားစမ်း လိုသော) စိတ်များ ပေါ်ပေါက်လာတတ်သည်မှာ သဘာဝပင်ဖြစ်ပါသည်။ မှန်ကန်သော လက်တွေ့စမ်းသပ်မှု၊ ထိန်းကျောင်းမှုရှိသော အတွေ့အကြုံကောင်းများသည် အောင်မြင်သော အနာဂတ်အုတ်မြစ်ကို ဖြစ်စေတတ်ပါသည်။ ကျွန်တော်တို့ ထိုအချိန်ကာလတွင် လုပ်ဆောင်ခဲ့သော ကျောင်းအခြေပြုကြက်ခြေနီလုပ်ငန်းများနှင့် ကျောင်းအခြေပြု လူမှုအကျိုးပြု အသင်းအဖွဲ့လုပ်ငန်းများက ယနေ့ကာလ စီမံခန့်ခွဲမှု၊ ပေါင်းသင်းဆက်ဆံရေးနှင့် အတွေးအခေါ်ပိုင်းဆိုင်ရာ အောင်မြင်မှုများအတွက် အခြေခံကောင်းများ ဖြစ်ခဲ့သည်ကို ကိုယ်တွေ့ ကျေနပ်ဖွယ်သုံးသပ်မိပါသည်။

နိုင်ငံတော်အကြီးအကဲများက ထိုသို့သော ကျောင်းအခြေပြု လူငယ်ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကို သိနားလည်စွာဖြင့် ကျန်းမာရေးဝန်ကြီးဌာနအား ကျန်းမာရေးအဆင့်မြင့်ကျောင်းများ ဖြစ်ပေါ်လာစေရေးလုပ်ငန်းစဉ် ၉ ရပ် ချမှတ်ကာ ဆောင်ရွက်စေခဲ့ပါသည်။ အဆိုပါလုပ်ငန်းစဉ် ၉ ရပ်မှာ

(၁) ကျောင်းအခြေပြုကျန်းမာရေး အသိပညာမြှင့်တင်ရေးလုပ်ငန်း၊
(၂) ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်း၊
(၃) ရောဂါကာကွယ်ရေးလုပ်ငန်း၊
(၄) ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများ အန္တရာယ်ကင်းဝေးရေးလုပ်ငန်း၊
(၅) ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊
(၆) ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုနှင့် ကျောင်းမှ ပြည်သူတွင်းသို့ မှုမှန်လူနေမှုဘဝဟန်များ ရောက်ရှိရေးလုပ်ငန်း၊
(၇) နှစ်သိမ့်ပညာပေးဆွေးနွေးခြင်းနှင့် လူမှုရေးပံ့ပိုးမှုလုပ်ငန်း၊
(၈) သင်တန်းနှင့် သုတေသနလုပ်ငန်း၊
(၉) ကာယပညာနှင့် အားကစားလုပ်ငန်းတို့ဖြစ်ကြကာ မိဘကျောင်းသားဆရာတို့သာမက ကျန်းမာရေးနှင့် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ကြက်ခြေနီ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာစသည့် မိတ်ဖက်အဖွဲ့အစည်းအသီးသီးက အောင်မြင်မှုများ ရရှိလာစေရန် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် နိုင်ငံတော်က နှစ်စဉ် ဩဂုတ်လ၏ ဒုတိယပတ်ကိုလည်း ကျောင်းကျန်းမာရေး သီတင်းပတ်အဖြစ် သတ်မှတ်၍ ပုံမှန်လုပ်ဆောင်နေသော ကျောင်းကျန်းမာရေးလုပ်ငန်းများအပြင် လှုပ်ရှားမှုပြပွဲ၊ ပြိုင်ပွဲများကို အားထည့်၊ အားဖြည့်ကာ ဂရုတစိုက် ဆောင်ရွက်စေလျက်ရှိပါသည်။

ဘဝတစ်ခု၏ ပထမနှစ်နှစ်ဆယ်ကာလ၊ ဦးနှောက်မှတ်ဉာဏ် သင်ကြားနာယူမှုအများဆုံး လုပ်ဆောင်နေရချိန်ဝယ် မှန်ကန်သော ချစ်ခြင်းမေတ္တာ၊ မှန်ကန်သော အသိပညာ၊ ပတ်ဝန်းကျင်၊ အမူအကျင့်၊ အလေ့အထများရရှိရေးသည် ဘဝတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်အောင်မြင်ရေးအတွက် အခြေခံပင်ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး၊ အခက်အခဲများကို တည်ငြိမ်စွာ ပူးပေါင်းကျော်ဖြတ်နိုင်ရေးအတွက် လူသားတိုင်း၏ ဘဝပထမနှစ်နှစ်ဆယ်ကာလတွင် စာသင်ကျောင်းဟူသော ပတ်ဝန်းကျင်တွင် စနစ်တကျ နည်းလမ်းမှန်စွာ ပြုစုပျိုးထောင်နိုင်မှုက အရေးပါသော ကဏ္ဍမှပါဝင်နေပါသည်။

သို့ဖြစ်ပါ၍ လူတိုင်း KG + 12 ပညာရေး အောင်မြင်ရေးနှင့် ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်များအား အတန်းစုံတွင် စောင့်ရှောက်ပေးခြင်းအားဖြင့် မှန်ကန်သော ကျန်းမာရေးအမူအကျင့်များ ပြည်သူလူထုအတွင်းသို့ ပိုမိုရောက်ရှိကာ ကျန်းမာကြံ့ခိုင်၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ပေါ်လာမည်ဟု ယုံကြည်စွာဖြင့် ရေးသားဖော်ပြလိုက်ရပါသည်။ ။

**သစ်တောတွေထိန်း၊ တောတွေစိမ်းမှ၊ ငြိမ်းချမ်းပြည်ရွာ၊ နိုင်ငံသာ၏။**

# ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်၊ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်နှင့် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများအထိမ်းအမှတ် အခမ်းအနားကျင်းပ




နေပြည်တော် ဩဂုတ် ၁၃

၂၀၂၆ ခုနှစ်၊ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်၊ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်နှင့် ကျောင်းကျန်းမာရေး သီတင်းပတ် လှုပ်ရှားမှုများ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပပြီး နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ နေပြည်တော် ကောင်စီဝင် ဦးထွန်းထွန်းနှင့် တာဝန်ရှိသူများက ကျောင်း ကျန်းမာရေး အဆင့်မြင့်ကျောင်း စံပြဆုရရှိသော ကျောင်းများ၊ စံပြ မိခင်ဆုရရှိသူများအား ဆုများ ချီးမြှင့်ကြသည်။ (ယာပုံ)

ဆက်လက်၍ ၂၀၂၆ ခုနှစ် ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုး ရေးလှုပ်ရှားမှု အထိမ်းအမှတ် Video Clip နှင့် ၂၀၂၆ ခုနှစ်၊ ကျောင်းကျန်းမာရေး သီတင်းပတ် လှုပ်ရှားမှု အထိမ်းအမှတ် Video Clip ကို ကြည့်ရှုအားပေးသည်။

အခမ်းအနားတွင် ကျောင်း သား ကျောင်းသူများက "စုံအောင် စားကြစို့" သီချင်းဖြင့် ကပြဖျော်ဖြေ တင်ဆက်ပြီး နေပြည်တော် ကောင်စီဥက္ကဋ္ဌက အာဟာရပြည့်ဝ မှုတမှုသည် မွေးကင်းစနှင့်ကလေး ငယ်များ၏ ကိုယ်ခန္ဓာကြီးထွား ဖွံ့ဖြိုးမှု၊ ဉာဏ်ရည်ဖွံ့ဖြိုးမှု၊ ကျောင်းနေအရွယ်ကလေးများ၏ ပညာရေးဆိုင်ရာ စွမ်းရည်မြင့်မား မှု၊ အရွယ်ရောက်သူများ၏ အလုပ် လုပ်နိုင်စွမ်းအားကောင်းမွန်မှုနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်မှုတို့အတွက် အခြေခံ အကျဆုံး အုတ်မြစ်ဖြစ်ကြောင်း၊ လူတစ်ဦးချင်းစီအနေဖြင့် အသက် အရွယ်၊ ကျား/မအလိုက် ကိုယ် ခန္ဓာလိုအပ်ချက်များနှင့် ကိုက်ညီ သည့် အာဟာရဓာတ်များကို အချိုးညီမျှစွာရရှိအောင် အစား အစာအုပ်စု စုံလင်စွာစားသုံးရန်၊ သန့်ရှင်းသည့် အစားအစာများကို ရွေးချယ်စားသုံးရန်နှင့် မှန်ကန် သည့် အာဟာရဆိုင်ရာ အလေ့ အကျင့်ကောင်းများရှိရန် အလွန် အရေးကြီးကြောင်း ပြောကြား သည်။

အခမ်းအနားအပြီးတွင် ခင်း ကျင်းပြသထားသည့် အထိမ်း အမှတ်ပြခန်းများနှင့် အသက် (၅)နှစ်အောက် ကလေးများအား အင်အားပြည့် ဗီတာမင်အေ တိုက် ကျွေးနေမှုတို့ကို လှည့်လည် ကြည့်ရှုပြီး ကိုယ်ဝန်ဆောင်မိခင် များအား အာဟာရပစ္စည်းများ ပေးအပ်သည်။

ထို့ပြင် နေပြည်တော် ဇမ္ဗူသီရိ မြို့နယ် အမှတ် (၁၁) အခြေခံ ပညာအထက်တန်းကျောင်းတွင် ကျင်းပပြုလုပ်သည့် ကျောင်း ကျန်းမာရေး သီတင်းပတ်လှုပ်ရှား မှု (တိုင်းအဆင့်) အခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်ကို (ပုဗ္ဗသီရိ)**

---

❁ ရှေ့ဖုံးမှ

အရိုးအကြောအဆစ်ရောဂါ ကုသဆေး တစ်မျိုး၊ ကင်ဆာရောဂါကုသ ဆေး တစ်မျိုး၊ မေ့ဆေး တစ်မျိုးတို့ကို အောင်မြင်စွာ တီထွင်နိုင်ခဲ့ကြောင်း၊ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ သုတေ သနဌာန၌ကျင်းပသည့် ဆေးဝါးအမယ်သစ် ခြောက်မျိုးအား သုတေသနပြု စမ်းသပ်၍ အောင်မြင်ခဲ့သည့်အတွက် ကျင်းပသည့် ဂုဏ်ပြုအခမ်းအနားမှ သိရသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ယခုလိုစမ်းသပ်အောင်မြင်မှုသည် ပြည်သူ့ကျန်းမာရေးအတွက် ကြီးမား သော ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း၊ စမ်းသပ်အောင်မြင်ခဲ့သော ဆေးဝါး ခြောက်မျိုးနှင့်ပတ်သက်သည့် ရောဂါဝေဒနာခံစားနေရသော လူနာများ အတွက် ဘေးကင်းလုံခြုံပြီး အရည်အသွေးမြင့်၊ ချိုသာသော ဈေးနှုန်း ဖြင့် ဆေးဝါးများရရှိခြင်းသည် တန်ဖိုးဖြတ်၍မရသော အကျိုးကျေးဇူး တစ်ရပ်ဖြစ်ကြောင်း၊ ဆေးဝါးများကို ပြည်တွင်း၌ပင် ထုတ်လုပ်နိုင်ခြင်း ကြောင့် မိမိတို့၏ပြည်သူများသည် အချိန်မီ၊ ကုန်ကျစရိတ်သက်သာစွာဖြင့် ယုံကြည်စိတ်ချရသော ကုသမှုကိုရရှိနိုင်မည်ဖြစ်ပြီး ပြည်ပဆေးဝါးများ အပေါ် မှီခိုမှုကြောင့်ဖြစ်ပေါ်လေ့ရှိသော ငွေကြေးအခက်အခဲများကို လည်း သက်သာစေနိုင်မည်ဖြစ်ကြောင်း၊ ကျန်းမာရေးလိုအပ်ချက်များ ကို ဖြည့်ဆည်းပေးနိုင်ရန် ပိုမိုကောင်းမွန်သော ဆေးဝါးအမျိုးအစားသစ် များကို ဆက်လက်တီထွင်ထုတ်လုပ်ရန် ကြိုးပမ်းရမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဆေးဝါးအမယ်သစ် ခြောက်မျိုးကို အောင်မြင်စွာစမ်းသပ်ဆောင်ရွက်ခဲ့သည့် ပညာရှင်များ အား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်၍ သုတေသနဌာနအတွင်း ဆေးဝါးအမယ်များ ထပ်မံထုတ်လုပ်နိုင်ရေးအတွက် သုတေသနလုပ်ငန်း များ ဆောင်ရွက်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် စက်မှုကဏ္ဍနှင့် MSME များ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် မျိုးဆက်သစ်လူငယ်များ ပါဝင်ဆောင်ရွက်နိုင်ရေး အတွက်နည်းပညာတက္ကသိုလ် (ရန်ကုန်) တွင် အင်ဂျင်နီယာပညာရပ် များကို တက်ရောက်သင်ကြားနေသည့် ကျောင်းသား ကျောင်းသူများ နှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားသည်။

ထို့ပြင် အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ မြန်မာ့ဆေးဝါးလုပ်ငန်း တို့မှ ဦးဆောင်ညွှန်ကြားရေးမှူးများက သံမဏိများ ထုတ်လုပ်နိုင်ရေး အတွက် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ သံမဏိများ ထုတ်လုပ်နေမှု၊ ဆေးဝါးများ ထုတ်လုပ်နေမှု အခြေအနေ တို့ကို ဆွေးနွေးတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# ဒေသတွင်းစားရေရိက္ခာဖူလုံရေးသည် အခြေခံအကျဆုံးဖြစ်သည့်အတွက် ပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးရန်နှင့် သီးထပ်စွမ်းအားတိုးချဲ့စိုက်ပျိုးရန် ပြည်နယ်ဝန်ကြီးချုပ်မှာကြား

**ဘားအံ ဩဂုတ် ၁၃**

ဒေသတွင်း စားရေရိက္ခာဖူလုံရေး သည် အခြေခံအကျဆုံးကိစ္စရပ် တစ်ခုဖြစ်သည့်အတွက် စိုက်ကေ တိုးချဲ့စိုက်ပျိုးမည့်အစား လက်ရှိ စိုက်ကေများကို ပန်းတိုင်အထွက် နှုန်းရရှိအောင် စိုက်ပျိုးရန်နှင့် သီးထပ်စွမ်းအား တိုးချဲ့စိုက်ပျိုးရန် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစော မြင့်ဦးက ပြည်နယ်အဆင့် စားရေ ရိက္ခာဖူလုံရေးနှင့် စိုက်ပျိုးမွေးမြူ ရေးကဏ္ဍ မြှင့်တင်ရေးအတွက် အကောင်အထည် ဖော်ရေး ကော်မတီ၏ (၁/၂၀၂၆) ညှိနှိုင်း အစည်းအဝေးတွင် ပြောကြား သည်။ **(အောက်ပုံ)**

အဆိုပါ အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ ၌ ကျင်းပခဲ့ပြီး ပြည်နယ်ဝန်ကြီး ချုပ်က စက်မှုကုန်ကြမ်းသီးနှံများ ဖြစ်သော ရော်ဘာ၊ ကော်ဖီ၊ ဥယျာဉ် ခြံသီးနှံဖြစ်သော ချဉ်ပေါင်၊ ဖာလာ၊ ဝဥ၊ နနွင်း၊ ငရုတ်ကောင်း တိုးချဲ့စိုက်ပျိုးရန်နှင့် အသား၊ ငါး၊ ဥ၊ နို့ လုံလောက်အောင် တိုးချဲ့ မွေးမြူရန် တိုက်တွန်းပြောကြား ၍ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူ ရေးနှင့် ဆည်မြောင်းဝန်ကြီးက ပြည်နယ်အတွင်း မိုးစပါးနှင့် အခြားသီးနှံ စိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက် စိုက်ပျိုးဆောင်ရွက် နေမှု၊ သီးနှံစိုက်စွမ်းအားမြှင့်တင် နိုင်ရေးဆောင်ရွက်မည့် အစီအစဉ် များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဌာနဆိုင်ရာ များက ၂၀၂၆-၂၀၂၇ခုနှစ်မိုးသီးနှံ များ စိုက်ပျိုးပြီးစီးမှု၊ ပန်းတိုင် အထွက်နှုန်းရရှိရေး ဆောင်ရွက် မည့်အစီအစဉ်၊ Pilot Project အနေဖြင့် အိမ်ခြံဝင်း ဟင်းသီး ဟင်းရွက်တစ်နှစ်ပတ်လုံး စိုက်ပျိုး ဆောင်ရွက်ထားရှိမှု၊ စားသုံးမှို စိုက်ပျိုးဆောင်ရွက်ထားရှိမှု၊ နည်း ပညာပေးသင်တန်း၊ ဆွေးနွေးပွဲနှင့် ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်မှု၊ ဒေသတွင်း အသား၊ နို့၊ ဥ ထုတ်လုပ် မှု၊ စားသုံးမှုနှင့်ဖူလုံမှု၊ ဒေသ လူဦးရေ၏ စားရေရိက္ခာလိုအပ် ချက်အရ ငါးမွေးမြူရမည့် ပမာဏ၊ နှစ်အလိုက် တိုးချဲ့မွေးမြူမည့် အစီအစဉ်၊ စိုက်ပျိုးရေလုံလောက် စွာ ရရှိရေးဆောင်ရွက်မည့် အစီ အစဉ်များကို ရှင်းလင်းတင်ပြ၍ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌများက ခရိုင်များ အလိုက် သီးနှံစိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက်စိုက်ပျိုးနေသည့်အခြေ အနေ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ တစ်ကေပန်းတိုင် အထွက်နှုန်း ရရှိရေး ကြိုးပမ်းဆောင်ရွက်မှုများ ကို ရှင်းလင်းတင်ပြကြရာ တင်ပြ ချက်များအပေါ် ပြည်နယ်ဝန်ကြီး ချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင် ရွက်ပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

---

## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် ဩဂုတ် ၁၃

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

---




# ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ဝဝန်တာကျိုးပေါက်မှုကြောင့် ဆက်စပ်ရေဘေးသင့် ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၁၃

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ဝဝန် တာကျိုးပေါက်မှုကြောင့် ဆက်စပ်ရေဘေးသင့် ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးနှင့်ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ယနေ့ မွန်းလွဲ(၁)နာရီတွင် Myanmar New Power Invest-ment Group Company Limited က ငွေကျပ်သိန်း (၂၀၀) ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်ပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီး၊ ဒေါက်တာသန်းစိုးက လက်ခံရယူပြီး(ဝဲပုံ) ကျေးဇူး တင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူတွေအနေနဲ့လည်း လိုအပ်တဲ့ကုသမှုတွေ ဆောင်ရွက်နိုင်အောင် ပြည်သူ့ဆေးရုံတွေ၊ ပုဂ္ဂလိကဆေးရုံတွေအနေနဲ့ ပြင်ဆင်ဆောင်ရွက်ထားရှိပြီးဖြစ်တဲ့အတွက်ကြောင့် စိုးရိမ်ပူပန်မှု မဖြစ်ကြဘဲ အနီးစပ်ဆုံးပြည်သူ့ဆေးရုံတွေနဲ့ သက်ဆိုင်ရာဆေးရုံတွေကို သွားရောက်ကုသမှုခံယူနိုင်ပါကြောင်း ပြောကြားလိုပါတယ်

ဒေါက်တာမိုးခိုင်

**ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုကြောင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ကုသမှုခံယူနေသည့် လူနာ ၁၈၂ ဦးရှိရာ ဝမ်းရောဂါပိုးတွေ့ရှိခဲ့သည့် လူနာ ၉၃ဦးရှိပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဝမ်းပျက်ဝမ်းလျှောလူနာများကို စနစ်တကျ ပြုစုစောင့်ရှောက်ကုသမှုပေးလျက်ရှိသည်။**



ဒေါက်တာ အောင်လင်းအေး



ဒေါက်တာ နန္ဒဝင်း



ဒေါက်တာ မင်းဇော်ဦး



ဒေါက်တာ မိုးခိုင်

ဝမ်းပျက်ဝမ်းလျှော ရောဂါဖြစ်ပွားသည့် လူနာများကို ကုသမှုပေးလျက်ရှိသည့် အခြေအနေနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၏ ပြောကြားချက်များကို စုစည်းဖော်ပြအပ်ပါသည်-

**ဒေါက်တာ အောင်လင်းအေး**
**ဒုတိယဆေးရုံအုပ်ကြီး**
**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

အခု နှစ်ရက်၊ သုံးရက်အတွင်းမှာ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော လူနာများပြားလာတဲ့အတွက် ဆေးရုံရဲ့ အရေးပေါ်ဌာန၊ ဆေးရုံအုပ်ချုပ်မှုအဖွဲ့၊ သက်ဆိုင်ရာဆရာဝန်ကြီးတွေ၊ ကျန်းမာရေးဝန်ကြီးဌာနနဲ့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ လမ်းညွှန်မှုခံယူပြီးတော့ ကုသမှုတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဆေးရုံကြီးက ကုသရေးဌာနအောက်မှာ ရှိတဲ့အတွက်ကြောင့် အဓိကလုပ်ငန်းက လူနာတွေကုသတဲ့ လုပ်ငန်းပါ။ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကြောင့် သေဆုံးမှုမရှိစေရေးကို အထူးဂရုစိုက်ပြီး ကုသမှုတွေ ပေးနေပါတယ်။ ဝမ်းပျက်ဝမ်းလျှောရောဂါက ကူးစက်ရောဂါဖြစ်တဲ့အတွက်ကြောင့် ရောဂါသည်တွေနဲ့ တစ်ပါတည်း ပါလာတဲ့ လူနာစောင့်တွေ၊ သူတို့ကို ကုသပေးတဲ့ ကျန်းမာရေးဝန်ထမ်းတွေ (ဆရာဝန်တွေ၊ သူနာပြုဆရာမတွေ၊ အကူဝန်ထမ်းတွေ) အကုန်လုံးကို ဒီရောဂါကူးစက်မှု မရှိအောင် ကာကွယ်ထိန်းချုပ်တဲ့ လုပ်ငန်းတွေကို အထူးဆောင်ရွက်ပါတယ်။ အရင်လည်း ပုံမှန်ဆောင်ရွက်တာရှိပါတယ်။

ပြည်သူ့ကျန်းမာရေး ပြဿနာဖြစ်တဲ့အတွက်ကြောင့် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဌာနနဲ့ ပူးပေါင်းပြီးတော့ အထူးအလေးထားဆောင်ရွက်ပါတယ်။ ပုံမှန်ဖြစ်ပွားမှုလည်း ရှိပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ နှစ်ရက်၊ သုံးရက်အတွင်းမှာတော့ သိသိသာသာ များပြားလာတဲ့အတွက်ကြောင့် အထူးဂရုစိုက်ပြီးတော့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

လူနာတွေရဲ့ ကျန်းမာရေးအခြေအနေ ကောင်းပါတယ်။ ဒီနေ့ဆိုရင်လည်း ဆေးရုံ ဆင်းမယ့်လူနာတွေ ရှိပါတယ်။ မနေ့ကလည်း ဆေးရုံဆင်းတဲ့ လူနာတွေ ရှိပါတယ်။ ရောဂါ မဖြစ်ပွားအောင် ပြည်သူ့ကျန်းမာရေးလုပ်ငန်းမှာ သုံးပွင့်ဆိုင်ဆိုတာရှိတယ်။ ရောဂါဖြစ်စေတဲ့ ပိုး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ အစားအသောက်၊ သောက်သုံးရေသန့်ရှင်းရေး လုပ်ငန်းတွေအပေါ် မူတည်ပါတယ်။ ခုခံအား ကျဆင်းနေသူတွေ၊ အသက်ကြီးသူတွေ၊ တစ်ကိုယ်ရေ သန့်ရှင်းရေး မကောင်းသူတွေမှာ ပိုပြီးဖြစ်နိုင်ပါတယ်။

ပြည်သူတွေကို အကြံပြုချင်တာက တစ်ကိုယ်ရေကျန်းမာရေးကို ဂရုစိုက်ဖို့၊ လတ်တလောမှာ ရေကို ကျိုချက်သောက်သုံးဖို့၊ ယင်နားစာတွေ မစားဖို့နဲ့ ခုခံအားကောင်းမွန်အောင် ပြုမူနေထိုင်ဖို့ အကြံပြုလိုပါတယ်။

လူနာစောင့်တွေ၊ ကျန်းမာရေးဝန်ထမ်းတွေ အပါအဝင် ကြိုတင်ကာကွယ်ဆေး Doxycycline 100 mg ကို တိုက်ကျွေးပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေလည်း အကုန်လုံးနီးပါး သောက်ပြီးပါပြီ။ လာရောက်ပြသတဲ့ ပြင်ပလူနာ၊ အတွင်းလူနာ၊ လူနာစောင့်တွေကိုလည်း Doxycycline 100 mg တိုက်ကျွေးပါတယ်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးအနေနဲ့ လူနာတွေ အားလုံးကို လက်ခံကုသပေးနေပါတယ်။ လူနာတွေ ရောက်ရှိလာရင် ခုတင်အခက်အခဲ မရှိအောင် စီမံထားပါတယ်။ လူနာတွေကိုလည်း Guidelinesနဲ့အညီ သီးခြားဆောင် သုံး/လေးဆောင် စီစဉ်ထားပြီး ကုသပေးနေပါတယ်။ ရောဂါဖြစ်ပွားလာရင် ရန်ကုန်ဆေးရုံကြီးကို ပြည်သူတွေ လာရောက်ကုသကြပါ။

ဝမ်းပျက်ဝမ်းလျှော ရောဂါအပြင် နေ့စဉ်ကုသပေးနေတဲ့ ရောဂါတွေအတွက် အတွင်း လူနာ ၁၃၀၀၊ ၁၄၀၀၊ ၁၅၀၀ လောက်နဲ့ ပြင်ပလူနာ တစ်ရက် ၂၅၀၀ ရှိပါတယ်။ ခွဲစိတ်မှုတွေကိုလည်း အချိန်မပျက် ပုံမှန်ဆက်လက် လုပ်ဆောင်နေပါတယ်။ အခု ဖြစ်လာတဲ့ ဝမ်းပျက်ဝမ်းလျှောအတွက်လည်း သတ်မှတ်ထားတဲ့ စံနှုန်းအတိုင်း ပြင်ဆင်ကုသပေးနေတယ်ဆိုတာ အသိပေးပြောကြားလိုပါတယ်။

**ဒေါက်တာ နန္ဒဝင်း**
**ဌာနမှူး၊ ရန်ကုန်တိုင်းဒေသကြီး**
**ပြည်သူ့ကျန်းမာရေးနှင့်**
**ကုသရေးဦးစီးဌာန**

ဝမ်းပျက်ဝမ်းလျှော ရောဂါကတော့ နှစ်စဉ်မိုးဦးကျအချိန်တိုင်းမှာ ဖြစ်လေ့ဖြစ်ထရှိပြီး ရန်ကုန်တိုင်းဒေသကြီးအတွက် စိန်ခေါ်မှုရှိတဲ့ ရောဂါတစ်ခုလည်း ဖြစ်ပါတယ်။ ဩဂုတ်လ ၈၊ ၉၊ ၁၀ မှာ လမ်းမတော်မြို့နယ်ကနေပြီးတော့ ဝမ်းပျက်ဝမ်းလျှော ဖြစ်တဲ့သူ အယောက် ၂၀၊ လသာမြို့နယ် ကနေပြီးတော့ အယောက် ၂၀ နဲ့ ကျွန်တော်တို့ ဒဂုံဆိပ်ကမ်းမြို့နယ်မှာလည်း ၁၄ ယောက် အစုလိုက် တွေ့ခဲ့ပါတယ်။ လူနာတွေကို အစုလိုက်တွေ့တာနဲ့ ဘာကြောင့် ဆိုတာ လိုက်ရှာပါတယ်။ တစ်ဦးတစ်ယောက်ချင်းစီတွေ့တဲ့အခါမှာ ဒါသည် ဒီတစ်ဦးတစ်ယောက်ရဲ့ အပြုအမူ အနေအထိုင်၊ အစားအသောက် မကောင်းမွန်လို့၊ ကျန်းမာရေးနဲ့ ညီညွတ်အောင် မလိုက်နာနိုင်လို့ဆိုတာတွေ့ပေမယ့် အစုလိုက်ဖြစ်လာရင် ဘာကြောင့်ဖြစ်သလဲဆိုတာမျိုး လိုက်ကြည့်ရတယ်။

သူတို့ကို ကျွန်တော်တို့က Google ပေါ်မှာ ရိုက်သွင်းမှတ်တမ်းတင်စနစ်မျိုးတွေ အသုံးပြုပြီး တောက်လျှောက် ထောက်လှမ်းပြီးတော့ ကြည့်ရှုစောင့်ရှောက်ပါတယ်။ အဲဒီလို ကြည့်ရှုစောင့်ရှောက်တဲ့အခါမှာ ဒီလမ်းမတော်နဲ့ လသာမြို့နယ်မှာ ဖြစ်ပွားမှုတွေများတယ်။ လမ်းမတော်မြို့နယ် ၁ လမ်းကနေ ၂၄ လမ်းကြားမှာတင် ဒီလူနာတွေက စိပ်လာတာကို အံ့သြဖွယ်ရာ တွေ့ရတယ်။ ဒီနေရာကလည်း ရန်ကုန်မြို့ရဲ့ China Town ရှိတဲ့နေရာ ဖြစ်နေတယ်။

အားလုံးရဲ့စားသောက်မှုကိုကြည့်တဲ့အခါမှာ အားလုံးသည် အလွယ်တကူရတဲ့ ပြင်ပအစားအစာတွေကိုပဲ မှာယူစားသောက်နေတာကို တွေ့ရတယ်။ အစားအသောက်မှာ သုံးနေတဲ့ရေတွေကို လိုက်စစ်ရပါတယ်။ လမ်းဘေးမှာရှိတဲ့ ဆိုင်တွေက ရောက်တဲ့နေရာကနေ ရေပုံးလေးတွေနဲ့ခပ်ပြီး သေချာမဆေးကြောတဲ့အခါ ရေပုံးကနေ ရေအညစ်အကြေးကပ်နေတဲ့ ရေကို သုံးတဲ့အခါမှာ အဆင်မပြေတာမျိုးလည်း ရှိတယ်။

မနေ့က ညနေ ၆ နာရီကနေ ဒီနေ့မနက် ၆ နာရီအထိတော့ လူနာဦးရေ ၃၀ ပဲ တက်တယ်။ အရင်နေ့တွေနဲ့စာရင်တော့ နည်းနည်းကျလာပါပြီ။ စဉ်ဆက်မပြတ် ဆောင်ရွက်သွားမယ်ဆိုရင်တော့ ငါးရက်၊ တစ်ပတ်လောက်အတွင်းမှာ ဒီဖြစ်ပွားတဲ့ လူနာတွေ လျော့ပါးသွားမှာပဲ ဖြစ်ပါတယ်။ ရောက်လာတဲ့ လူနာတွေ အသက်မဆုံးရှုံးစေဖို့ တတ်နိုင်သလောက် Zero death ဖြစ်အောင် ကုသရေးဦးစီးဌာနက ဆရာဝန်တွေ၊ ဆေးရုံကြီးတွေကလည်း ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာ ရှိတဲ့ ဗဟိုအဆင့် ဆေးရုံကြီး ၁၈ ရုံနဲ့ ရန်ကုန်တိုင်းအောက်က ဆေးရုံ ၆၅ရုံမှာအားလုံးက ဝမ်းပျက်ဝမ်းလျှော ရောဂါအတွက်ကို အကုန်လုံးသင်တန်းတွေပေးပြီး ဆေးဝါးပစ္စည်း စုဆောင်းထားပြီးတော့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ပြည်သူလူထုအနေနဲ့ အစာသန့်၊ ရေသန့် အဓိကအရေးကြီးပါတယ်။ အစားအသောက်ကို ပူပူနွေးနွေးနဲ့ စားသောက်တတ်ဖို့နဲ့ ပြီးတော့ ရောဂါဖြစ်ပွားလာရင်လည်း ကျန်းမာရေးဌာနကို ချက်ချင်းအကြောင်းကြားပြီးတော့ ကုသမှုခံယူမယ်ဆိုရင်တော့ ပြည်သူတွေ ဝမ်းပျက်ဝမ်းလျှောသာမက ကျန်တဲ့ မည်သည့် ရောဂါပဲဖြစ်ပါစေ ကျွန်တော်တို့နဲ့ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် အားလုံး ကျော်လွှားနိုင်မယ်လို့ ယုံကြည်မိပါတယ်။

**ဒေါက်တာမင်းဇော်ဦး**
**ပါမောက္ခ (ဌာနကြီးမှူး၊ ဆေးလက်တွေ့)**
**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

ဝမ်းပျက်ဝမ်းလျှော ရောဂါဆိုတာ ဖြစ်လေ့ဖြစ်ထရှိတဲ့ ရောဂါတစ်ခုပါ။ တနင်္ဂနွေ၊ တနင်္လာနေ့ကစပြီး လူနာအရေအတွက် များလာတာကို သတိပြုမိပါတယ်။ ဆေးရုံအနီးပတ်ဝန်းကျင်မြို့နယ်တွေကလာတဲ့ လူနာတွေများလာတဲ့အတွက် တနင်္လာနေ့ကစပြီး ဝမ်းပျက်ဝမ်းလျှောနဲ့ ပတ်သက်လို့ ကျွန်တော်တို့ရဲ့ ဝန်ထမ်းတွေ၊ သူနာပြုတွေ၊ ဆရာဝန်တွေ၊ ဆေးဝါးစုဆောင်းခြင်းနဲ့ ဆေးရုံကြီးအဖွဲ့နဲ့ပူးပေါင်းပြီး လူနာတွေထားဖို့ သီးသန့်အဆောင်တွေ ပြင်ဆင်တာတွေကို ဆောင်ရွက်ခဲ့ပါတယ်။

နေ့စဉ် ကုသမှုပေးနေတဲ့ အပိုင်းမှာ ကျွန်တော်တို့မှာ ရှိတဲ့ ဆရာဝန်၊ သူနာပြုစတဲ့ လူအင်အားအားလုံးကို ထိရောက်စွာ အသုံးပြုပြီး ဆောင်ရွက်နေတဲ့အတွက် အဆင်ပြေပါတယ်။ ဆေးဝါးအနေနဲ့လည်း ပြည့်စုံမှုရှိအောင် စီစဉ်ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်က Zero Mortality (သေဆုံးမှု လုံးဝမရှိရေး) ပါ။ ဝမ်းပျက်ဝမ်းလျှောရောဂါနဲ့ အချိန်မီသာ ရောက်လာခဲ့ရင် ပျက်စီးဆုံးရှုံးမှု မရှိအောင် အတတ်နိုင်ဆုံး စောင့်ရှောက်ပေးပါတယ်။ အရင်နှစ်တွေရဲ့ အတွေ့အကြုံအရ တချို့ကသိပ်လွန်မှ ရောက်လာတာမျိုးရှိတတ်တယ်။ အဲဒါမျိုး မဖြစ်ဘဲ ဆေးဝါးကုသမှုနဲ့ စောင့်ရှောက်မှုကို စောစီးစွာ ကြိုတင်လာရောက် ခံယူမယ်ဆိုရင် ပြန်လည်ကျန်းမာလာမှာ ဖြစ်ပါတယ်။

ပြည်သူတွေအနေနဲ့ ကျန်းမာရေးဝန်ကြီးဌာနနဲ့ သတင်းမီဒီယာတွေက အမြဲအသိပေးနေတဲ့အတိုင်း အထူးသဖြင့် မိုးတွင်းကာလမှာ တစ်ကိုယ်ရေသန့်ရှင်းမှုကို ဂရုစိုက်ပါ။ အစားအသောက်နဲ့ ပတ်သက်ရင် မလတ်ဆတ်တာတွေ၊ ယင်နားစာတွေနဲ့ အမှည့်လွန်တဲ့ အသီးအနှံတွေကို ဆင်ခြင်စားသောက်ပါ။ သောက်သုံးရေနဲ့ ပတ်သက်ရင် သန့်ရှင်းမှုရှိအောင် ရေကို သေချာကျိုချက်ပြီးမှ သောက်သုံးဖို့ ပြောချင်ပါတယ်။။

လတ်တလော ဖြစ်ပွားနေတဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါနဲ့ ပတ်သက်ပြီး ပြည်သူလူထုကြားမှာ စိုးရိမ်မှုတွေ မြင့်မားနေတာ သိရှိရပါတယ်။ လူနာအများကြီး ရောက်လာတာ မှန်သော်လည်း လူမှုကွန်ရက်ပေါ်မှာ ပြောနေကြသလို ရန်ကုန်ဆေးရုံကြီးမှာ လူနာတွေ ပြည့်ကျပ်နေတယ်၊ ပြင်ပလူနာ မကြည့်တော့ဘူး၊ အတွင်းလူနာ လက်မခံတော့ဘူးဆိုတဲ့ သတင်းတွေ မဟုတ်မှန်ကြောင်း ပြောချင်ပါတယ်။ ပြင်ပလူနာဌာနကိုလည်း ပုံမှန်အတိုင်းဆောင်ရွက်နေပြီး ရှိတဲ့အင်အားနဲ့ ဝမ်းပျက်ဝမ်းလျှောလူနာတွေကို စနစ်တကျ ပြုစုစောင့်ရှောက်ပေးနေတယ်ဆိုတာ အသိပေးပါရစေ။

**ဒေါက်တာမိုးခိုင်**
**ပါမောက္ခချုပ်(ဆေးရုံအုပ်ကြီး/ကုသရေး) ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

လတ်တလော ရန်ကုန်တိုင်းဒေသကြီးမှာ ဖြစ်ပွားနေတဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါလူနာတွေနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာနရဲ့ လမ်းညွှန်မှု၊ ကုသရေးဦးစီးဌာနရဲ့ ကြီးကြပ်မှုနဲ့ ရန်ကုန်တိုင်းအတွင်းမှာ ရှိနေတဲ့ ပြည်သူ့ဆေးရုံတွေ၊ ပုဂ္ဂလိကဆေးရုံတွေအနေနဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါ လူနာတွေ လက်ခံကုသနိုင်ဖို့အတွက် ပြင်ဆင်ဆောင်ရွက်ကာ ကုသမှုတွေ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

*စာမျက်နှာ ၉ သို့*




## မကွေးမြို့ရှိ ရေဘေးရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

**မကွေး ဩဂုတ် ၁၃**

မကွေးမြို့ရှိ ဆားရွှေကင်းရပ်ကွက်၊ အောင်မေတ္တာရပ်ကွက်၊ မြို့ဟောင်းရပ်ကွက်၊ ဆုံရပ်ရပ်ကွက်နှင့် မယ်လှတောင်ကျေးရွာအုပ်စု သဘော်ဆိပ်ကျေးရွာ၏ အနိမ့်ပိုင်းနေရာများသို့ ဧရာဝတီမြစ်ရေ ဝင်ရောက်လာမှုကြောင့် ရေဘေးလွတ်ရာစခန်းများသို့ အိမ်ထောင်စု ၁၂၇ စုမှ ပြည်သူ ၅၁၅ ဦး ပြောင်းရွှေ့ခဲ့ရသည်။

အဆိုပါ ရေဘေးရှောင်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကိုသည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် မကွေးမြို့ အောင်မေတ္တာရပ်ကွက် သာသနပါလဓမ္မာရုံ၌ သွားရောက်ထောက်ပံ့ပေးခဲ့သည်။

**ထောက်ပံ့ပေးအပ်**

ရေဘေးရှောင် အိမ်ထောင်စုများအတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်၊ ရေသန့်တို့ကိုလည်းကောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံးက ရေဘေးရှောင် ပြည်သူ ၅၁၅ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၂၆၂၅၀၀၀ ကို လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။

နံနက်ပိုင်းကလည်း မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ၂၀၁၆ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များလှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနားသို့တက်ရောက်ပြီး မိခင်နို့တိုက်ကျွေးမှု စံပြမိခင်ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများ ပေးအပ်သည်။

ထို့ပြင် အသက် ငါးနှစ်အောက်ကလေးများကို အင်အားပြည့်ဗီတာမင်အေ ဆေးလုံးတိုက်ကျွေးခဲ့ပြီး ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရဆေးပြားများနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း (ပြန်/ဆက်)**

## လှိုင်ကော်မြို့ အနိမ့်ပိုင်းရပ်ကွက် ရေဝပ်ဧရိယာများ၌ ရေစုပ်ထုတ်ဆောင်ရွက်

**လှိုင်ကော် ဩဂုတ် ၁၃**

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လှိုင်ကော်မြို့ အနိမ့်ပိုင်းရပ်ကွက်များဖြစ်သည့် ဒေါ်နိုးကူးရပ်ကွက်နှင့် မင်းစုရပ်ကွက်ရှိ ရေဝပ်ဧရိယာများတွင် ရေစုပ်ထုတ်ရန် သီးခြားဆောင်ရွက်ထားသည့် 160 kVA ထရန်စဖော်မာဖြင့် 50HP မော်တာနှစ်လုံးနှင့် ခြောက်လက်မ PVC ပိုက် နှစ်လုံးတပ်ဆင်၍ ဘီလူးချောင်းအတွင်းသို့ ရေစုပ်ထုတ်နေမှုကို ယနေ့နံနက်ပိုင်းက ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်သည် တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒေါ်နိုးကူးရပ်ကွက် ဓမ္မာရုံ၌ ရေဝင်ရောက်ခဲ့သည့် ဒေသခံအိမ်ထောင်စုများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ဒေါ်နိုးကူးရပ်ကွက်မှ အိမ်ထောင်စု ၄၈ စုနှင့် မင်းစုရပ်ကွက်မှ အိမ်ထောင်စု ၉၈ စု စုစုပေါင်း ၁၄၆ စု အတွက် ဆန်၊ ဆီ၊ ကြက်ဥစသည့် အခြေခံစားသောက်ကုန်များကို ထောက်ပံ့ပေးအပ်သည်။

ထို့ပြင် ရေနီကန်ကျေးရွာသို့ သွားရောက်ပြီး ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ဆောင်ရွက်သည့် စံပြသရုပ်ပြ ဥစားကြက်မွေးမြူရေးခြံအသစ်တည်ဆောက်နေမှုနှင့် စံပြသရုပ်ပြအသားတိုးဝက်မွေးမြူရေးခြံ၌ DYL အသားတိုးဝက်မျိုးမွေးမြူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ကြက်ဥနှင့် အသားဖူလုံသည့်အတွက် ဈေးနှုန်းချိုသာစွာ ရောင်းချပေးရန်၊ မွေးမြူရေးလုပ်ငန်းများတွင် ယခုထက်ပိုမို၍ တိုးတက်မွေးမြူနိုင်အောင် လုပ်ငန်းရှင်များ ဖိတ်ခေါ်စည်းရုံး ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**



## ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးမှ ရေဘေးသင့်ပြည်သူများအတွက် လိုအပ်သည့် အကူအညီများကို တတ်နိုင်သမျှ ဆက်လက်ပံ့ပိုးပေးသွားမည်

**ပုသိမ် ဩဂုတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးမှ ရေဘေးသင့် ပြည်သူများအတွက် လိုအပ်သည့် အကူအညီများကို တတ်နိုင်သမျှ ဆက်လက်ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ ရေဘေးသင့်ပြည်သူများအနေဖြင့် ရင်ဆိုင်နေရသည့် အခက်အခဲများကို စိတ်ဓာတ်မကျဘဲ အချင်းချင်း ဖေးမကူညီရင်း အတူတကွ ကျော်ဖြတ်နိုင်မည်ဟု ယုံကြည်ကြောင်း ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်က လေးမျက်နှာမြို့နယ် ခမောက်စုကျေးရွာ ပြည်သူများနှင့်တွေ့ဆုံစဉ် အားပေးစကားပြောကြားသည်။



အဆိုပါကျေးရွာ ပြည်သူများနှင့် တွေ့ဆုံစဉ် ဆန်ရိက္ခာ၊ ဆီ၊ ရေသန့်နှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ပြီး ပြည်သူများ၏ တင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့အတူ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့ကလည်း အားပေးစကား ပြောကြားကြပြီး ခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးက ဝမ်းပျက်ဝမ်းလျှော ရောဂါ မဖြစ်ပွားစေရေး၊ အစာအဆိပ်သင့်မှုမဖြစ်စေရေး၊ မြွေအန္တရာယ်ကာကွယ်ရေးနှင့် တုပ်ကွေးကာကွယ်ဆေးထိုးပေးမည့် အစီအစဉ်များကို အသိပညာပေးဆွေးနွေးကာ လေးမျက်နှာမြို့နယ် ပညာရေးဌာန မိသားစုများနှင့် ရေဘေးသင့်ပြည်သူများအတွက် အင်္ဂပူမြို့နယ် ပညာရေးဌာန မိသားစုများက တာဝန်ရှိသူများထံ အလှူငွေများပေးအပ်ကြသည်။

အလားတူ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လေးမျက်နှာမြို့နယ် မိဿလင်ကုန်းကျေးရွာ ပြည်သူများအတွက် ဆန်ရိက္ခာ၊ ဆီ၊ ရေသန့်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့ပြင် ဟင်္သာတမြို့နယ် နိဗ္ဗာန်စံပြကျေးရွာရှိ အမျိုးသားပညာဝန်ဦးဖိုးကျား အထိမ်းအမှတ် သုတစွယ်စုံ စာကြည့်တိုက်တွင် ဦးဖိုးကျား၏ စာအုပ်များ၊ မှတ်တမ်းဓာတ်ပုံများ ထိန်းသိမ်းထားရှိမှုနှင့် ပြည်သူများ စာအုပ်ငှားရမ်းဖတ်ရှုမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါ ခရီးစဉ်အတွင်း လေးမျက်နှာမြို့ရှိ ရေဘေးသင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ကူညီဆောင်ရွက် ပေးလျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ကျန်းမာရေး ဝန်ထမ်းများ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များကို တွေ့ဆုံအားပေးစကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

*စာမျက်နှာ ၈ မှ*

ရန်ကုန်တိုင်းဒေသကြီးအနေနဲ့လည်း ဗဟိုအဆင့် ဆေးရုံအများစုရှိတဲ့ တိုင်းဒေသကြီးဖြစ်သလို ပုဂ္ဂလိကဆေးရုံတွေအနေနဲ့လည်း ဝန်ဆောင်မှုပေးလျက်ရှိတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ လက်ရှိရှိနေတဲ့ ပြည်သူ့ဆေးရုံတွေရဲ့ အင်အားနဲ့ ပုဂ္ဂလိကဆေးရုံတွေ အင်အားကို အသုံးပြုပြီးတော့ ဆေးရုံအလိုက် ပြည်သူ့ဆေးရုံ၊ ပုဂ္ဂလိကဆေးရုံ မခွဲခြားဘဲ ဝမ်းပျက်ဝမ်းလျှောရောဂါလူနာ ရောက်ရှိလာရင် လက်ခံကုသမှုတွေ ဆောင်ရွက်ဖို့ ညွှန်ကြားထားရှိပြီးတော့ ကုသမှုဆောင်ရွက်တဲ့ အခါမှာလည်း စနစ်တကျလိုက်နာ ဆောင်ရွက်နိုင်အောင် လုပ်ငန်းလမ်းညွှန်တွေကိုလည်း ဖြန့်ဝေအသိပေးထားရှိပြီး ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ ဆေးရုံတွေအနေနဲ့လည်း အရင်ကတည်းက အတွေ့အကြုံရှိပြီးဖြစ်တဲ့အတွက်ကြောင့် လူနာတွေအနေနဲ့ လိုအပ်တဲ့ ကုသမှုတွေ အချိန်မီရရှိနိုင်မှာ ဖြစ်ပါတယ်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာလူနာတွေကို ကုသမှုပေးတဲ့အခါမှာ ဦးတည်ဆောင်ရွက်တဲ့ အချက်အနေနဲ့ ရောက်ရှိလာတဲ့လူနာတွေ အသက်သေဆုံးမှု မရှိအောင် ဦးတည်ဆောင်ရွက်ခြင်း၊ ဒုတိယအချက်အနေနဲ့ တော့ လိုအပ်တဲ့ကုသမှုတွေကို အချိန်နဲ့တစ်ပြေးညီ ရရှိအောင်ဆောင်ရွက်ခြင်းနဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ကုသရေးလုပ်ငန်းတွေမှာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာရှိတဲ့ ဆရာဝန်၊ သူနာပြု၊ ကျွမ်းကျင်ဝန်ထမ်းအားလုံးအနေနဲ့ တက်ကြွစွာ ပါဝင်ဆောင်ရွက်ခြင်းအားဖြင့် ကာကွယ်ကုသရေး လုပ်ငန်းတွေကို အထောက်အကူပြုဖို့အတွက် ရည်မှန်းပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။

ရောဂါကုသရေးအတွက် ဆောင်ရွက်သလို ရောဂါရှာဖွေရေးမှာလည်း အမျိုးသား ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာ ဌာနအပြင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးရဲ့ မှုန်ဇီဝဌာန၊ ဓာတ်ခွဲဌာနတို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ ရောက်ရှိလာတဲ့ လူနာတွေကို ရောဂါအမည် အမြန်တပ်နိုင်ဖို့၊ အရေးပေါ်ကုသမှုတွေ အမြန်ရရှိဖို့၊ ကုသမှုတွေကို အချိန်နဲ့တစ်ပြေးညီ နေရာအလိုက်ရရှိနိုင်ဖို့အတွက် သမားတော်တွေ၊ အထွေထွေလက်ထောက် ဆရာဝန်တွေ၊ သူနာပြုတွေနဲ့ အားသွန်ခွန်စိုက် ဝိုင်းဝန်းဆောင်ရွက်လျက်ရှိပါတယ်။ လူနာ အသက်သေဆုံးမှုတွေ လက်ရှိအချိန်အထိ မရှိသေးပါကြောင်း ပြောကြားလိုပါတယ်။

ရန်ကုန်တိုင်းမှာရှိတဲ့ ဝမ်းပျက်ဝမ်းလျှော ရောဂါလက္ခဏာတွေ ခံစားရတဲ့ ပြည်သူတွေအနေနဲ့လည်း လိုအပ်တဲ့ ကုသမှုတွေ ဆောင်ရွက်နိုင်အောင် ပြည်သူ့ဆေးရုံတွေ၊ ပုဂ္ဂလိကဆေးရုံတွေ အနေနဲ့ ပြင်ဆင်ဆောင်ရွက်ထားရှိပြီး ဖြစ်တဲ့အတွက်ကြောင့် စိုးရိမ်ပူပန်မှု မဖြစ်ကြဘဲ အနီးစပ်ဆုံး ပြည်သူ့ဆေးရုံတွေနဲ့ သက်ဆိုင်ရာ ဆေးရုံတွေကို သွားရောက် ကုသမှုခံယူနိုင်ပါကြောင်း ပြောကြားလိုပါတယ်။

**ကျော်စိုးဝင်း**

**မြန်မာ့ပင်လယ်ပြင် အခြေအနေ**

နေပြည်တော် ဩဂုတ် ၁၃ - မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ကမ္ဘာ့အထည်အလိပ်လောကကို ပြောင်းလဲခဲ့သော အီဂျစ်ဝါဂွမ်း

ကိုပြည်

အီဂျစ်ဝါဂွမ်းဟူသော နာမည်ကိုကြားရုံဖြင့် ဇိမ်ကျပြီး ဈေးကြီးကာ ဒဏ္ဍာရီဆန်ဆန်ဖြစ်နေသည်ဟု ခံစားရတတ်ပါသည်။ ဟိုတယ်များက ယင်းကို ကြော်ငြာတတ်ကြပြီး အိပ်ရာခင်းအမှတ်တံဆိပ်များကလည်း သူတို့၏ တံဆိပ်များတွင် ရိုက်နှိပ်ကြပါသည်။

ဝယ်ယူသူများကလည်း ယင်းကို ကမ္ဘာပေါ်တွင် အရည်အသွေးအကောင်းဆုံး အထည်အလိပ်ဟု အလိုအလျောက် မှတ်ယူလေ့ရှိကြသည်။ သို့သော် အီဂျစ်ဝါဂွမ်းဆိုသည်မှာ တကယ်တမ်းတွင် သာမန်ဝါဂွမ်းများထက် ပိုကောင်းသလားဆိုသည်ကို မေးခွန်းထုတ်စရာရှိလာပါသည်။ ယင်းသည် အမှန်တကယ် အကောင်းဆုံးလား သို့မဟုတ် အောင်မြင်သော ဈေးကွက်ရှာဖွေရေးဗျူဟာသက်သက်လားဆိုသည်ကို လေ့လာရပါမည်။ အမှန်တကယ်တော့ အီဂျစ်ဝါဂွမ်းတွင် ကမ္ဘာ့အထည်အလိပ်လုပ်ငန်းကို ထာဝရပြောင်းလဲသွားစေလောက်အောင် အထူးကောင်းမွန်သည့် အမျှင်များနှင့် စိတ်ဝင်စားဖွယ် သမိုင်းကြောင်းရှိပါသည်။

**သမိုင်းကြောင်း၏အစနှင့် ဖွံ့ဖြိုးတိုးတက်လာမှု**

အီဂျစ်ဝါဂွမ်း၏ဇာတ်လမ်းသည် လွန်ခဲ့သော နှစ်ပေါင်း ၂၀၀ ကျော်က အီဂျစ်နိုင်ငံရှိ မြေဆီသြဇာကောင်းမွန်သော နိုင်းမြစ်ကမ်းပါးများတွင် စတင်ခဲ့သည်။ ဝါဂွမ်းသည် ယဉ်ကျေးမှုအမျိုးမျိုးတွင် နှစ်ထောင်ပေါင်းများစွာ တည်ရှိခဲ့သော်လည်း ယနေ့ ကျွန်ုပ်တို့သိကြသော အီဂျစ်ဝါဂွမ်းမှာ ၁၉ ရာစု အစောပိုင်းမှ ပေါ်ထွက်လာခြင်းဖြစ်သည်။ ၁၈၀၅ ခုနှစ်တွင် အုပ်ချုပ်သူ မူဟာမက်အလီ၏ အမြော်အမြင်ဖြင့် စိုက်ပျိုးရေးကို ခေတ်မီအောင်လုပ်ကာ အလျားရှည်ဝါမျိုးကွဲများကို တင်သွင်းခဲ့သည်။

၁၈၂၀ ပြည့်နှစ်ဝန်းကျင်တွင် Louis Alexis Jumel အမည်ရှိ ပြင်သစ်အင်ဂျင်နီယာတစ်ဦးက အီဂျစ်တွင် ပေါက်ရောက်နေသော ထူးခြားသည့်ဝါပင်ကို ရှာဖွေတွေ့ရှိခဲ့ပါသည်။ နွေးထွေးသောရာသီဥတုနှင့် နိုင်းမြစ်ရေကြီးမှုမှရသော မြေဆီလွှာတို့က ဤဝါဂွမ်းမျိုးကွဲကို အကောင်းဆုံးရှင်သန်ကြီးထွားစေခဲ့ပါသည်။ မူဟာမက်အလီက ဝါကို စီးပွားရေးလက်နက်တစ်ခုအဖြစ် ပြောင်းလဲခဲ့ပြီး တိုးတက်လာမည့် အထည်အလိပ်စီးပွားရေးအတွက် အုတ်မြစ်ချပေးခဲ့ပါသည်။

၁၈၂၀ ပြည့်လွန်နှစ်များသို့ ရောက်သောအခါ အီဂျစ်ဝါဂွမ်းသည် ကမ္ဘာ့စင်မြင့်ပေါ်တွင် စတင်၍ နေရာယူလာနိုင်ခဲ့ပါသည်။ ယင်း၏ အလွန်ရှည်လျားသော အမျှင်များနှင့် နူးညံ့မှုတို့ကြောင့် ဥရောပတစ်ဝန်းရှိ တော်ဝင်မိသားစုများအတွက် ရွေးချယ်စရာဖြစ်လာခဲ့သည်။ ထို့ကြောင့် မူဟာမက်အလီက ဝါဂွမ်းစိုက်ပျိုးမှုကို နိုင်ငံတစ်ဝန်း အကြီးအကျယ်တိုးချဲ့လုပ်ဆောင်ခဲ့သည်။ အထူးသဖြင့် ၁၈၆၀ ပြည့်လွန်နှစ်များတွင် အမေရိကန်ပြည်တွင်းစစ်ကြောင့် ဝါထောက်ပံ့မှုပြတ်တောက်ချိန်၌ ဝါဈေးကွက် အကြီးအကျယ်ထွန်းကားလာခဲ့ပါသည်။ ဥရောပရှိ အထည်အလိပ်စက်ရုံများက အရည်အသွေးမြင့်ဝါကို လိုအပ်နေချိန်တွင် အီဂျစ်က ဝင်ရောက်ဖြည့်ဆည်းပေးခဲ့သည်။ ဝယ်လိုအား အဆမတန်မြင့်တက်လာကာ နိုင်ငံတကာလွှမ်းမိုးမှုခေတ်ကို မှတ်တမ်းတင်နိုင်ခဲ့ပြီး အီဂျစ်ဝါသည်လည်း ကမ္ဘာတစ်ဝန်း နာမည်ကောင်းရလာခဲ့ပါသည်။

**သာမန်ဝါဂွမ်းနှင့် ကွာခြားစေသည့် အဓိကအချက်များ**

အီဂျစ်ဝါဂွမ်းကို သာမန်ဝါဂွမ်းနှင့် အဓိကကွာခြားစေသောအရာမှာ အမျှင်များပင်ဖြစ်ပါသည်။ ဝါဂွမ်းအမျှင်များကို အရှည်ဖြင့် တိုင်းတာလေ့ရှိပြီး အီဂျစ်ဝါဂွမ်းက အလွန်ရှည်လျားသောအမျှင်များကို ထုတ်လုပ်ပေးနိုင်ပါသည်။ ဤအမျှင်များသည် ပုံမှန်ဝါပင်များတွင် တွေ့ရလေ့ရှိသော အမျှင်များထက် အများကြီး ပိုမိုရှည်လျားကြသည်။ အဆိုပါ ပိုရှည်သောအမျှင်များကို ပိုမိုနုပြီး ခိုင်ခံ့သော ချည်မျှင်များအဖြစ် ဗိုင်းငင်နိုင်သောကြောင့် ချောမွေ့နူးညံ့သောအထည်များကို ဖန်တီးပေးနိုင်ပါသည်။

အပြင်သို့ထွက်နေသော လျော့ရဲရဲအမျှင်စွန်းများ နည်းပါးသဖြင့် အချိန်ကြာလာသည်နှင့်အမျှ အထည်ဖွာခြင်းနှင့် အလုံးလေးများဖြစ်ခြင်းတို့ အလွန်နည်းပါးပါသည်။ လူအများစု ဇိမ်ခံဟိုတယ် အိပ်ရာခင်းများနှင့် ဆက်စပ်တွေးလေ့ရှိသည့် ပိုးသားလိုအေးမြသော ခံစားမှုမျိုးက အလွန်ရှည်လျားသောအမျှင်များမှ လာခြင်းဖြစ်သည်။

ဝါအရည်အသွေးကို ကောင်းမွန်စေသော နောက်ထပ်အဓိကအချက်တစ်ခုမှာ ဝါသီးနှံစိုက်ပျိုးသည့် ပတ်ဝန်းကျင်အခြေအနေပင်ဖြစ်သည်။ နိုင်းမြစ်ဝကျွန်းပေါ်ဒေသသည် ပရီမီယံဝါများ စိုက်ပျိုးရန်အတွက် ပြီးပြည့်စုံလုနီးပါးဖြစ်သော အခြေအနေများကို အပြည့်အဝ ပံ့ပိုးပေးထားသည်။ ထိုဒေသသည် နေရောင်ခြည်အလုံအလောက်ရရှိသည့်အပြင် နွေးထွေးသောအပူချိန်များကိုလည်း ပုံမှန်ရရှိနေသော နေရာတစ်ခုဖြစ်သည်။ ထို့အပြင် နိုင်းမြစ်၏ ရာသီအလိုက် ရေကြီးမှုများမှ သမိုင်းစဉ်ဆက် ဖြည့်တင်းပေးထားသော မြေဆီသြဇာကြွယ်ဝသည့် မြေဆီလွှာကိုလည်း ရရှိထားသည်။ ဤအခြေအနေများက ဝါပင်ကို ဖြည်းဖြည်းချင်းကြီးထွားစေပြီး ပိုမိုခိုင်ခံ့ကာ သေးငယ်နုနယ်သောအမျှင်များကို ဖြစ်ပေါ်လာစေသည်။ ရာသီဥတုနှင့် စိုက်ပျိုးမှုဓလေ့ထုံးတမ်းတို့၏ ဤသို့ပေါင်းစပ်မှုကို တခြားနေရာများတွင် အတုယူလုပ်ဆောင်ရန် ခက်ခဲကြောင်း အထည်အလိပ်ပညာရှင်များက ယုံကြည်ကြသည်။

> **“ အီဂျစ်ဝါဂွမ်းဆိုသည်မှာ ဈေးကွက်ရှာဖွေရေးအတွက် အသုံးအနှုန်းသက်သက်လုံးဝမဟုတ်ပါ။ စစ်မှန်သော အီဂျစ်ဝါဂွမ်းသည် ရာစုနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သော စိုက်ပျိုးရေးဓလေ့ထုံးတမ်းနှင့် ထူးခြားသည့် ပတ်ဝန်းကျင်အခြေအနေများကို ကိုယ်စားပြုပါသည်။ ယနေ့ခေတ်တွင် အီဂျစ်ဝါဂွမ်းသည် အထည်တစ်စထက်ပိုပြီး ဂုဏ်ရတစိုက် စိုက်ပျိုးထားကာ အနာဂတ်အတွက် အသိအမှတ်ပြုလက်မှတ်ရရှိထားသော အမွေအနှစ်တစ်ခုဖြစ် ”**

**ဂုဏ်သတင်းကို ကာကွယ်ခြင်းနှင့် စက်မှုလုပ်ငန်းတိုးတက်လာမှု**

ဤကဲ့သို့ တန်ဖိုးကြီးမားလှသော အီဂျစ်ဝါဂွမ်း၏ ဂုဏ်သတင်းကိုကာကွယ်ရန် ၁၉၀၉ ခုနှစ်တွင် Alcatexa ကို ဖွဲ့စည်းခဲ့သည်။ အလက်ဇန္ဒရီးယားဝါဂွမ်းပို့ကုန်လုပ်ငန်းရှင်များအသင်းက ကုန်သွယ်မှုကို စည်းမျဉ်းသတ်မှတ်ရန်နှင့် အရည်အသွေး စံချိန်စံညွှန်းများကိုထိန်းသိမ်းရန် ပေါ်ပေါက်လာခြင်းဖြစ်သည်။ ၎င်းက လေလံပွဲများနှင့် ပို့ကုန်များကို စီမံခန့်ခွဲပေးပြီး အီဂျစ်ဝါဂွမ်း၏ ပရီမီယံအဆင့်အတန်းကို ဆက်လက်ထိန်းသိမ်းနိုင်ရန် ဆောင်ရွက်ခဲ့သည်။

၁၉၅၂ ခုနှစ် အီဂျစ်တော်လှန်ရေးအပြီးတွင် ဝါစက်မှုလုပ်ငန်းကို နိုင်ငံပိုင်အဖြစ် အပြည့်အဝပြောင်းလဲခဲ့သည်။ ဝါကို နိုင်ငံ၏ စီးပွားရေးအသက်သွေးကြောအဖြစ် အသိအမှတ်ပြုကာ စိုက်ပျိုးမှုနှင့် ကုန်သွယ်မှုတို့ကို နိုင်ငံတော်က တိုက်ရိုက်ထိန်းချုပ်ခဲ့သည်။ ဤလုပ်ဆောင်မှုမှာ တောင်သူလယ်သမားများကို ကာကွယ်ပေးရန်နှင့် အဖိုးတန်သီးနှံမှရသော အမြတ်အစွန်းများကို တရားမျှတစွာ ခွဲဝေရရှိစေရန် ရည်ရွယ်ခြင်းဖြစ်သည်။

၁၉၇၀ ပြည့်လွန်နှစ်များသို့ ရောက်ရှိလာသောအခါတွင် အီဂျစ်နိုင်ငံ၌ ဝါစက်မှုလုပ်ငန်းများ အကြီးအကျယ် တိုးတက်လာခဲ့သည်။ မဟာလာအယ်လ်ကူဘရာနှင့် နိုင်းမြစ်ဝကျွန်းပေါ် ဒေသတစ်ဝန်း (Mahala Elcubra and across Nile Delta)တို့တွင် အများပြည်သူပိုင် ချည်ငင်နှင့် ရက်ကန်းစက်ရုံကြီးများကို တည်ထောင်ခဲ့ကြသည်။

ထိုစက်ရုံကြီးများက အီဂျစ်ဝါကြမ်းများကို အသုံးပြုကာ အရည်အသွေးအလွန်မြင့်မားသော အထည်အလိပ်များအဖြစ်သို့ ပြောင်းလဲထုတ်လုပ်ပေးခဲ့သည်။ ဤသို့ ပြည်တွင်း၌ပင် အချောထည်များ ထုတ်လုပ်နိုင်ခြင်းက အီဂျစ်နိုင်ငံ၏ ပြည်တွင်းစီးပွားရေးကို များစွာအားကောင်းလာစေခဲ့သည်။ ထို့အပြင် နိုင်ငံအတွင်းရှိ လူသောင်းနှင့်ချီသော ပြည်သူများအတွက်လည်း အလုပ်အကိုင် အခွင့်အလမ်းများစွာကို ဖန်တီးပေးနိုင်ခဲ့ပါသည်။ သို့ဖြစ်၍ ထိုကာလများသည် အီဂျစ်ဝါကဏ္ဍ၏ စက်မှုအင်အားကို ကမ္ဘာသို့ချပြနိုင်ခဲ့သော အချိန်ကာလများပင်ဖြစ်ခဲ့သည်။

နှစ်ပေါင်းများစွာကြာမြင့်ပြီးနောက် ၂၀၀၀ ပြည့်လွန်နှစ်များတွင် အီဂျစ်သည် ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များကို စတင်ကျင့်သုံးလာခဲ့သည်။ ကမ္ဘာလုံးဆိုင်ရာ စံချိန်စံညွှန်းများ တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ နိုင်ငံအတွင်း၌ သိပ္ပံနည်းကျ စိုက်ပျိုးရေးစနစ်များကို ရင်းနှီးမြှုပ်နှံခဲ့သည်။ ပိုမိုကောင်းမွန်သော ဝါကြိတ်နည်းစနစ်များနှင့် ပိုမိုရှင်းလင်းတိကျသည့် အမျိုးအစားခွဲခြားမှုစနစ်များကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသည်။ ဤကဲ့သို့ ကြိုးပမ်းအားထုတ်မှုများ၏ ရလဒ်အနေဖြင့် ဝါအမျှင်အရည်အသွေးနှင့် အထွက်နှုန်းတို့သည် သိသိသာသာ ပြန်လည်မွေးဖွားလာခဲ့ပါသည်။ ထိုအချက်များကြောင့်ပင် အီဂျစ်ဝါဂွမ်းအပေါ်ထားရှိသော နိုင်ငံတကာ၏ ယုံကြည်မှုသည်လည်း ပြန်လည်မြင့်တက်လာခဲ့သည်။ စစ်မှန်သော အီဂျစ်ဝါဂွမ်း၏ တန်ဖိုးကြီးမားမှုသည် ယနေ့တိုင်အောင် အခိုင်အမာ ဆက်လက်ရပ်တည်နိုင်ခဲ့ခြင်းပင်ဖြစ်သည်။

**ယနေ့ခေတ် စိန်ခေါ်မှုများနှင့် အတုအပပြဿနာများ**

ယနေ့ခေတ်တွင် အီဂျစ်ဝါဂွမ်းဟူသော အသုံးအနှုန်းနှင့်ပတ်သက်၍ စားသုံးသူများအကြားတွင် ရှုပ်ထွေးမှုများစွာ ရှိနေပါသေးသည်။ စားသုံးသူအများအပြားက ထုတ်ကုန်တစ်ခုတွင် ဤတံဆိပ်ပါဝင်နေရုံဖြင့် အရည်အသွေးပိုကောင်းမည်ဟု အလိုအလျောက် ယူဆတတ်ကြသည်။ သို့သော် မကြာသေးမီ ဆယ်စုနှစ်များအတွင်း လူကြိုက်များလာမှုကြောင့် မှားယွင်းစွာ တံဆိပ်တပ်မှုများနှင့် အတုအပထုတ်ကုန်များ ကျယ်ကျယ်ပြန့်ပြန့် ပေါ်ထွက်လာခဲ့ပါသည်။ အချို့ထုတ်လုပ်သူများက အီဂျစ်ဝါကို ဈေးသက်သာသော ဝါမျိုးကွဲများနှင့် ရောစပ်ကာ ပရီမီယံအဖြစ် ဈေးကွက်တင်ရောင်းချခဲ့ကြသည်။ အချို့ဆိုလျှင် စစ်မှန်သော အီဂျစ်ဝါဂွမ်းမျှင် နည်းနည်းလေးသာပါဝင်သည့် သို့မဟုတ် လုံးဝမပါဝင်သည့် ပစ္စည်းများတွင်ပင် ဤနာမည်ကို အသုံးပြုလာကြပါသည်။ စုံစမ်းစစ်ဆေးမှုများအရ အီဂျစ်ဝါဂွမ်းဟု တံဆိပ်တပ်ထားသော ထုတ်ကုန်အများအပြားမှာ လှည့်စားကြော်ငြာထားခြင်းဖြစ်ကြောင်း ဝမ်းနည်းဖွယ်ရာ တွေ့ရှိခဲ့ရသည်။

ထိုသို့ အတုအပပြုလုပ်ခြင်းများက စားသုံးသူများ၏ ယုံကြည်မှုကို များစွာထိခိုက်စေခဲ့ပြီး အမှတ်တံဆိပ်ကို ကာကွယ်ရန် လိုအပ်လာခဲ့ပါသည်။ ထို့ကြောင့် ၂၀၀၄ ခုနှစ်တွင် အီဂျစ်ဝါဂွမ်းအသင်း (Cotton Egypt Association – CEA) ကို တရားဝင်စတင်ဖွဲ့စည်းခဲ့သည်။ ဤအဖွဲ့အစည်းက စစ်မှန်သော အီဂျစ်ဝါဂွမ်းထုတ်ကုန်များကို စစ်ဆေးပေးရန် အသိအမှတ်ပြုစနစ်များဖန်တီးကာ အတုအပများကို ကာကွယ်ပေးပါသည်။ DNA စစ်ဆေးခြင်း၊ ထောက်ပံ့မှု ကွင်းဆက်စစ်ဆေးခြင်းများနှင့် နိုင်ငံတကာ လိုင်စင်ထုတ်ပေးခြင်းများကိုပါ စနစ်တကျ ပြုလုပ်လာခဲ့ကြပါသည်။

၂၀၁၅ ခုနှစ်သို့ရောက်သောအခါ ကမ္ဘာလုံးဆိုင်ရာ ယုံကြည်မှုသင်္ကေတတစ်ခုဖြစ်သည့် အီဂျစ်ဝါဂွမ်းအမှတ်တံဆိပ် (logo) ပေါ်ထွက်လာခဲ့ပါသည်။ ယနေ့ခေတ်တွင် အဆိုပါအမှတ်တံဆိပ်သည် အမျှင်တိုင်းကို အီဂျစ်နိုင်ငံ၏ မြေဆီလွှာအထိ ခြေရာခံနိုင်ကြောင်း သေချာစွာ အသိအမှတ်ပြုပေးနေပြီဖြစ်သည်။

**ချည်မျှင်အရေအတွက်နှင့် ထူးခြားသော အရည်အသွေးများ**

ဝါနှင့်ပတ်သက်၍ လူအများစုကြားတွင် ချည်မျှင်အရေအတွက်နှင့်ပတ်သက်သော အထင်အမြင်လွဲမှားမှုများလည်း ရှိနေတတ်သည်။ လူအများအပြားက ချည်မျှင်အရေအတွက် ပိုများပါက အိပ်ရာခင်းပိုကောင်းသည်ဟု ယုံကြည်ကြသော်လည်း အမြဲတမ်းမှန်ကန်နေခြင်းတော့မဟုတ်ပါ။ ချည်မျှင်အရေအတွက်က အတိုင်းအတာတစ်ခုအထိ အရေးပါသော်လည်း ဝါအမျှင်များ၏ အရည်အသွေးကသာ ပို၍အရေးကြီးသောအချက်ဖြစ်ပါသည်။ ချည်မျှင်အရေအတွက် အလယ်အလတ်ရှိသော စစ်မှန်သည့် အီဂျစ်ဝါသည် ဂဏန်းများပြားသော ဈေးပေါသည့်အထည်များထက် ပိုမိုနူးညံ့ပြီး ကြာရှည်ခံသည်။

အချို့သော ထုတ်လုပ်သူများက ပိုမိုဇိမ်ကျကျ ဖြစ်နေသယောင်ထင်ရစေရန် ကြိုးမျှင်ပေါင်းများစွာကို အသုံးပြုပြီး ချည်မျှင်အရေအတွက်ကို လှည့်စားတတ်ကြသည်။ အမှန်တကယ်တွင် ထုပ်ပိုးမှုအပေါ်မှ အမြင့်ဆုံးဂဏန်းကို ရှာဖွေခြင်းထက် စစ်မှန်သော အရှည်စားချည်မျှင်နှင့် ကောင်းမွန်သောရက်လုပ်မှုပေါင်းစပ်ခြင်းကသာ အရေးပါသည်။

အီဂျစ်ဝါဂွမ်းကို လူအများက ဤမျှတန်ဖိုးထားရသည့် အဓိကအကြောင်းရင်းတစ်ခုမှာ အချိန်ကြာလာသည်နှင့်အမျှ ပိုမိုနူးညံ့လာနိုင်ခြင်းကြောင့် ဖြစ်ပါသည်။ သာမန်အထည်အများစုက ထပ်ခါတလဲလဲ လျှော်ဖွပ်ပြီးနောက်တွင် တဖြည်းဖြည်း ပျက်စီးလာတတ်ကြသည်မှာ သဘာဝပင်ဖြစ်သည်။ သို့သော် အရည်အသွေးမြင့်မားသော အီဂျစ်ဝါဂွမ်းကမူ အချိန်ကြာလာသည်နှင့်အမျှ အရည်အသွေး ပိုမိုကောင်းမွန်လာတတ်သည့် ထူးခြားချက်ရှိပါသည်။

ယင်း၏ အမျှင်များသည် ပိုမိုပြေလျော့လာပြီး ခိုင်ခံ့မှုကို ထိန်းသိမ်းထားရင်း တစ်ချိန်တည်းမှာပင် ပိုမိုချောမွေ့လာတတ်သည်။ ဤအချက်ကြောင့်ပင်

*စာမျက်နှာ ၁၁ သို့*

# တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့အစည်းအဝေး ကျင်းပ

ဟားခါး ဩဂုတ် ၁၃

တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့ နံနက် ၁၀ နာရီက ဟားခါးမြို့ ချင်းပြည်နယ် လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ အစည်းအဝေးသို့ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကောလ်လျန်ထန်း၊ ဒုတိယဥက္ကဋ္ဌ ဦးသန့်စင်ဦး၊ တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများနှင့်စပ်လျဉ်း၍ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က လွှတ်တော်သို့တင်သွင်းပြီး ဒေသန္တရစီမံကိန်း၊ အရအသုံးငွေစာရင်းနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သုံးသပ်ချက်အစီရင်ခံစာကို ဟားခါးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဆန်းအုပ်မန်းက ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသူရှိပါက အမည်နှင့် ဆွေးနွေးလိုသည့် အချက်အားလွှတ်တော်ရုံးထံသို့ ယနေ့ ညနေ ၄ နာရီခွဲ နောက်ဆုံးထား၍ ပေးသွင်းနိုင်ကြောင်း၊ တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ဩဂုတ် ၁၄ ရက် နံနက် ၁၀ နာရီတွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

**ခရိုင် (ပြန်/ဆက်)**





# တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပ

မြစ်ကြီးနား ဩဂုတ် ၁၃

တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီက မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက်အတွင်းရှိ ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျို၊ ဒုတိယဥက္ကဋ္ဌ ဦးသိန်းထွန်းအေးနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ကိုးဦးတို့က စုစုပေါင်း ကြယ်ပွင့်ပြမေးခွန်း ၁၅ ခုကို မေးမြန်းကြရာ သက်ဆိုင်ရာပြည်နယ်ဝန်ကြီးများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ပြည်နယ်စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးချန်တန်ခင်က ကချင်ပြည်နယ်၏ ၂၀၂၆ – ၂၀၂၇ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေ ဖြည့်စွက်ခွင့်ပြုငွေနှင့် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းလျာထားချက်နှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ ဖတ်ကြားတင်သွင်းရာ ပြည်နယ်လွှတ်တော် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းဆိုင်ရာကော်မတီနှင့် ဥပဒေကြမ်းကော်မတီတို့က စိစစ်ချက်အစီရင်ခံစာကို တင်သွင်းခဲ့ကြပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ငွေစာရင်းလျာထားချက်နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်နယ်စာရင်းစစ်ချုပ်ဒေါ်ခင်လေးနွယ်က ၂၀၂၄ – ၂၀၂၅ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ်၏ စာရင်းစစ်ချုပ်လုပ်ငန်းဆောင်ရွက်ချက် အစီအရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ ဖတ်ကြားတင်သွင်းရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာပြီး အစည်းအဝေး ဒုတိယနေ့ကို ရပ်နားလိုက်သည်။

**ပြည်နယ်(ပြန်/ဆက်)**

# လေးမျက်နှာမြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ဟသ်ာတမြို့နယ်၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့၊ ကျုံပျော်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၃

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၌ ၂၀၂၆ ခုနှစ် ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုကြောင့် ဝဲခုံမြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုဖြစ်ပွားခဲ့ရာ ယနေ့အထိ လေးမျက်နှာမြို့ မြို့ပေါ်ရပ်ကွက် ငါးခု၊ မြို့တွင်းလမ်းမကြီးများနှင့် ပတ်ဝန်းကျင်ကျေးရွာ ၁၂၀ ရွာ၊ ဟသ်ာတမြို့နယ်အတွင်းရှိ ကျေးရွာ ၃၇ ရွာ၊ ရေကြည်မြို့ပေါ်ရပ်ကွက်လေးခုနှင့် ပတ်ဝန်းကျင်ကျေးရွာ ၂၇ ရွာ၊ ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ရှိ မြို့ပေါ်ရပ်ကွက် နှစ်ခု၊ ကျုံပျော်မြို့ရှိ မြို့ပေါ် ရပ်ကွက်နှစ်ခုနှင့် ပတ်ဝန်းကျင်ကျေးရွာ ကိုးရွာ စုစုပေါင်း မြို့ပေါ်ရပ်ကွက် ၁၃ ခုနှင့် ကျေးရွာ ၁၉၄ ရွာများသို့ ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သည်။



ထို့ကြောင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများစုပေါင်း၍ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ကာ ရေဘေးသင့်ပြည်သူများအား ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ဝဲခုံမြစ်ရေကာတာမှ ရေဝင်လမ်းထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် ဝဲခုံမြစ်ရေဝင်လမ်းအား (Geo-bags) အိတ်များချခြင်း၊ မျောတုတ်တန်းများ အတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်း၊ Steel Sheet Pile ရိုက်သွင်းခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

အီဂျစ်ဝါဂွမ်းကို ပရီမီယံအိပ်ရာခင်းများ၊ ခေါင်းအုံးစွပ်များ၊ တဘက်များနှင့် ဇိမ်ခံအဝတ်အထည်များအတွက် လူကြိုက်များကြခြင်းဖြစ်သည်။ ဤသို့သော နူးညံ့မှု၊ ခိုင်ခံ့မှုနှင့် ဇိမ်ခံနိုင်သည့် ခံစားမှုတို့က ၎င်းကို ကမ္ဘာတစ်ဝန်း ဒဏ္ဍာရီလာ နာမည်ကောင်းတစ်ခု ရရှိစေခဲ့သည်။

အီဂျစ်ဝါဂွမ်းသည် နူးညံ့ခိုင်ခံ့ရုံသာမက လေဝင်လေထွက်လည်း အလွန်ကောင်းမွန်သည့်အတွက် သက်သောင့်သက်သာရှိမှုကို အပြည့်အဝပေးစွမ်းနိုင်သည်။ ယင်းသည် ခါတုမျှင်သုံးအထည်များထက် လေကို ပိုမိုထိရောက်စွာ လှည့်ပတ်သွားလာခွင့်ပြုထားသောကြောင့် လူကိုအေးမြစေသည်။ ထို့ကြောင့် အီဂျစ်ဝါဂွမ်း အိပ်ရာခင်းများသည် ပိုနွေးသောရာသီဥတုများတွင် အိပ်စက်နေစဉ်အတွင်း ပိုမိုအေးမြကာ သက်သောင့်သက်သာရှိစေပါသည်။

သို့သော် အီဂျစ်ဝါဂွမ်းက အခြေအနေတိုင်းအတွက်တော့ အမြဲတမ်း ပြီးပြည့်စုံနေသည့်အရာတစ်ခုမဟုတ်ပါ။ စစ်မှန်သော အီဂျစ်ဝါဂွမ်းထုတ်ကုန်များသည် စိုက်ပျိုးရေးနှင့် ထုတ်လုပ်ရေးလုပ်ငန်းစဉ်များတွင် လုပ်အား ပိုမိုလိုအပ်သဖြင့် ဈေးနှုန်းများစွာ ကြီးမြင့်နိုင်သည်။ ထို့အပြင် မည်သည့်စိုက်ပျိုးရေး ထုတ်ကုန်မှာမဆို အရည်အသွေးသည် ရိတ်သိမ်းမှုနှင့် ထုတ်လုပ်ရေးစံချိန်စံညွှန်းများအပေါ် မူတည်၍ ကွဲပြားနိုင်ပါသေးသည်။

## ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် အနာဂတ်အမွေအနှစ်

အီဂျစ်ဝါဂွမ်းတိုင်းက အလိုအလျောက် ထိပ်တန်းအရည်အသွေးဖြစ်မနေဘဲ အမေရိကန်နှင့် ပီရူးတို့မှ Pima ဝါဂွမ်းများကလည်း ယှဉ်ပြိုင်နိုင်စွမ်းရှိသည်ဟု ကျွမ်းကျင်သူအချို့က ဆိုကြသည်။ ထို့ကြောင့် အီဂျစ်နိုင်ငံသည် ၂၀၂၀ ပြည့်လွန်နှစ်များတွင် ယင်းတို့၏ ဝါဂွမ်းကဏ္ဍ ရေရှည်တည်တံ့ခိုင်မြဲရေးအပေါ် ပိုမိုအာရုံစိုက်လာခဲ့ပါသည်။ UNIDO၊ Better Cotton နှင့် Cotton Connect စသည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို စတင်ပြုလုပ်လာခဲ့ကြပါသည်။ ထိုမှတစ်ဆင့် သဘာဝပတ်ဝန်းကျင်ကို ထည့်သွင်းစဉ်းစားသော စိုက်ပျိုးရေးအလေ့အကျင့်များကို အကောင်အထည်ဖော်ဆောင်ရွက်လာနိုင်ခဲ့သည်။ အသေးစား တောင်သူလယ်သမားများကို စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းနှင့် ရေအသုံးပြုမှု လျှော့ချခြင်းများကိုလည်း စနစ်တကျ ပြုလုပ်ခဲ့ကြပါသည်။ ထို့အပြင် ထောက်ပံ့မှု ကွင်းဆက်တစ်လျှောက်လုံးတွင် ကျင့်ဝတ်နှင့်ညီသော အလုပ်သမားရေးရာအခြေအနေများကိုလည်း အထူးဦးစားပေး ဆောင်ရွက်လာခဲ့ကြသည်။

ဆောင်းပါးကို နိဂုံးချုပ်ပါမည်။ အီဂျစ်ဝါဂွမ်းဆိုသည်မှာ ဈေးကွက်ရှာဖွေရေးအတွက် အသုံးအနှုန်းသက်သက် လုံးဝမဟုတ်ပါ။ စစ်မှန်သော အီဂျစ်ဝါဂွမ်းသည် ရာစုနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သော စိုက်ပျိုးရေးဓလေ့ထုံးတမ်းနှင့် ထူးခြားသည့် ပတ်ဝန်းကျင်အခြေအနေများကို ကိုယ်စားပြုပါသည်။ ယနေ့ခေတ်တွင် အီဂျစ်ဝါဂွမ်းသည် အထည်တစ်စထက်ပိုပြီး ဂရုတစိုက် စိုက်ပျိုးထားကာ အနာဂတ်အတွက် အသိအမှတ်ပြုလက်မှတ်ရရှိထားသော အမွေအနှစ်တစ်ခုဖြစ်သည်။

သို့သော် ဇိမ်ခံပစ္စည်းအများစုကဲ့သို့ပင် အသေးစိတ်အချက်အလက်များကို မှန်ကန်စွာ နားလည်သဘောပေါက်ရန် အလွန်အရေးကြီးသည်။ နောက်တစ်ကြိမ် တံဆိပ်တစ်ခုပေါ်တွင် အီဂျစ်ဝါဂွမ်းဟုတွေ့သည့်အခါ နိုင်းမြစ်ကမ်းပါးမှ ကမ္ဘာတစ်ဝန်းသို့ ကျယ်ပြန့်လာသော ဇာတ်လမ်းတစ်ပုဒ်ရှိနေကြောင်း သိလာပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် အီဂျစ်ဝါဂွမ်းသည် ချည်မျှင်တစ်ခုမျှသာမဟုတ်ဘဲ အမျှင်တိုင်းတွင် ရက်လုပ်ထားသော သမိုင်းကြောင်းခရီးစဉ်တစ်ခု ဖြစ်နေသောကြောင့်ပင်ဖြစ်သည်။ ။

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကိုထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို



**နေပြည်တော် ဩဂုတ် ၁၃**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယမန်နေ့ညနေပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဘုရားကြီးမြို့ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ် ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်း၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များ ကမ်း၍လည်းကောင်း၊ အိုးစည်ဒိုးပတ် အတီးအမှုတ် အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး(ပထမနေ့) ကျင်းပ

**တောင်ကြီး ဩဂုတ် ၁၃**

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ပထမနေ့)ကို ယနေ့နံနက် ၁၀ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူများ တက်ရောက်ကြသည်။

ဦးစွာ ကတိသစ္စာမပြုရသေးသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် မိုင်းပန်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) ဦးထွန်းမြင့်ဦးက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ အစိုးရ ရက်(၁၀၀)ပြည့် နိုင်ငံတော်အခြေပြမိန့်ခွန်းနှင့်စပ်လျဉ်းပြီး ရှမ်းပြည်နယ်လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက စုစုပေါင်း ကြယ်ပွင့်ပြမေးခွန်း ၁၂ ခုတို့ကို မေးမြန်းကြရာ သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားကြပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီဝင် အစားထိုးပြင်ဆင်ပြောင်းလဲခြင်းအား ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ကို ရယူသည်။

ယင်းနောက် ရှမ်းပြည်နယ်အစိုးအဖွဲ့က ရှမ်းပြည်နယ် ကုန်တင်ကုန်ချလုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းအား လွှတ်တော်သို့ တင်သွင်းပြီး လွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းအား ပြည်နယ်လွှတ်တော်သို့တင်သွင်းပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အဆိုပါဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။




ထို့နောက် ရပ်စောက်မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးအောင်ကျော်ညွန့်က ရပ်စောက်မြို့နယ်အပါအဝင် ရှမ်းပြည်နယ်အတွင်း လယ်ယာမြေမဟုတ်သော အခြားလယ်ယာမြေများ (ယာမြေ၊ ကိုင်းမြေ၊ ဥယျာဉ်မြေ) ကို အခြားနည်းသုံးစွဲခွင့်လျှောက်ထားရာတွင် ပြည်သူများ ကြန့်ကြာမှုမရှိဘဲ လွယ်ကူ၊ လျင်မြန်၊ ပွင့်လင်းမြင်သာစွာဆောင်ရွက်နိုင်ရေးအတွက် မလိုအပ်သောဌာနဆိုင်ရာ ထောက်ခံချက်များကို ဖြေလျှော့ပေးရန်နှင့် လုပ်ငန်းစဉ်များ ပြန်လည်စိစစ်ပြင်ဆင်ပေးပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း အဆိုကိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခဲ့သဖြင့် လွှတ်တော်ဥက္ကဋ္ဌက ၎င်းအဆိုအား လွှတ်တော်တွင် ဆွေးနွေးရန် သင့်/ မသင့် လွှတ်တော်၏ဆန္ဒကို ရယူ၍ လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး(ပထမနေ့)ကို မွန်းလွဲပိုင်းတွင် ရပ်နားကြောင်းနှင့် အစည်းအဝေး(ဒုတိယနေ့) ဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်တို့ကို ကြေညာခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မုန်တိုင်းငယ်၏လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ဦးတည်ရွေ့လျားမည့်အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်သတ်မှတ်

**နေပြည်တော် ဩဂုတ် ၁၃**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း၊ အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ် ကမ်းရိုးတန်းဒေသများနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင်ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ပိုမိုအားကောင်းလာကာ အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်တွင် မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ အဆိုပါ မုန်တိုင်းငယ်သည် မြန်မာနိုင်ငံ စစ်တွေမြို့၏ အနောက်-အနောက်မြောက်ဘက် ၃၁၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ကန်နင်းမြို့၏ အနောက်မြောက်ဘက် ၅ မိုင်ခန့်နှင့် ကိုးလ်ကတ္တားမြို့၏ အရှေ့တောင်ဘက် ၂၅ မိုင်ခန့်အကွာကို ဗဟိုပြုနေပါသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ပါသည်။




အဆိုပါမုန်တိုင်းငယ်သည် ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် မြောက်လတ္တီကျု ၂၂ ဒသမ ၃ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၈ ဒသမ ၆ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၀ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ နှုန်းခန့်ဖြစ်ပါသည်။

အဆိုပါ မုန်တိုင်းငယ်သည် နောက် ၂၄ နာရီအတွင်း အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ် ကုန်းတွင်းပိုင်းဒေသများကို ဆက်လက်ဖြတ်ကျော်နိုင်ကာ ဂျက်ခမ်းပြည်နယ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်ပါသည်။

သို့ဖြစ်ပါ၍ မုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**



## မြစ်သားမြို့နယ်၌ သက်တန့်ရောင်စီမံကိန်းဖြင့် မိုးစပါးစိုက်ပျိုး

**မြစ်သား ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ ၂၀၂၆-၂၀၂၇ လူမှုစီးပွားမြှင့်တင်ရေးရန်ပုံငွေ (သက်တန့်ရောင်စီမံကိန်း) ဖြင့် ဆောင်ရွက်သည့် မိုင်းလမ်းစိုက်ပျိုးရေးနှင့် အသင်းသားတောင်သူ ဦးမြင့်ဇော်၏ ငါးကေနှင့် အသင်းသားတောင်သူ ဦးအောင်ခင်၏ နှစ်ကေတို့တွင် မိုးစပါး ရောပဒေသာမျိုး စိုက်ပျိုးနေမှုများကို ယမန်နေ့က တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုသည်။

ကွင်းဆင်း ကြည့်ရှုရာတွင် မန္တလေးတိုင်းဒေသကြီး သမဝါယမ ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းက တောင်သူဦးကြီးများအား မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးပေးရန်၊ ရေရရှိရေးနှင့် နည်းပညာများကို သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဝါဝါမြင့်**
**(ပြန်/ဆက်)**

**သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး**

# ၂၀၂၆ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များနှင့် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု ပြည်နယ်အဆင့်အခမ်းအနားကျင်းပ



မော်လမြိုင် ဩဂုတ် ၁၃

မွန်ပြည်နယ် ၂၀၂၆ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များနှင့် ၂၀၂၆–၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု ပြည်နယ်အဆင့် အထိမ်းအမှတ်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပပြီး ပြည်နယ်အဆင့် မိခင်နို့တိုက်ကျွေးမှု စံပြမိခင်ပြိုင်ပွဲတွင် ဆုရရှိသူများ၊ Fitness Dance ဖြင့် ကပြဖျော်ဖြေခဲ့သော ကျောင်းသူများကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

## ပြခန်းများ ကြည့်ရှု

အခမ်းအနားတွင် အလယ်တန်းကျောင်းသူလေးများ၏ Fitness Dance၊ မော်လမြိုင်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံမူကြို ကျောင်းမှ ကလေးငယ်များ၏ ကပြဖျော်ဖြေမှု၊ ၂၀၂၆ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ အထိမ်းအမှတ်ဗီဒီယိုတို့ကို ကြည့်ရှုအားပေးကြပြီး အသက် ငါးနှစ်အောက် ကလေးငယ်များအား အင်အားပြည့် ဗီတာမင်အေဆေးလုံး တိုက်ကျွေးခြင်းနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား အကူအာဟာရဆေးပြားများနှင့် အာဟာရဖြည့်စွက်စာများပေးအပ်ခြင်းနှင့် အခြေခံပညာအလယ်တန်း ကျောင်းသား ကျောင်းသူများအား သံဓာတ်ဆေးပြားများနှင့် သန်ချဆေးပြားတိုက်ကျွေးခြင်းတို့ကို ဆောင်ရွက်ကြပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသော ပြခန်းများကို ကြည့်ရှုအားပေးခဲ့ကြသည်။

အခမ်းအနားကျင်းပစဉ် မိခင်နို့တိုက်ကျွေးခြင်းမှ အစပြု၍ အသက်အရွယ်အလိုက် အာဟာရ စောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုခိုင်မာအားကောင်းလာစေရန်၊ ကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်းစဉ်များကို ထိရောက်စွာဆောင်ရွက်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်ပြီး ဗလငါးတန်နှင့်ပြည့်စုံသည့် နိုင်ငံတော်၏ အနာဂတ် မျိုးဆက်သစ်များ ပေါ်ထွက်လာစေရန် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းက အမှာစကား ပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

**စည်သူ(ပြန်/ဆက်)**

❂ *ကျော့ဖုံးမှ*

ဩဂုတ် ၁၃ ရက်မှ ၂၀ ရက်အထိ ၈ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

ယနေ့ပွဲစဉ်များအဖြစ် အမျိုးသား ၅၁ ကီလို လူသစ်တန်းပြိုင်ပွဲ ပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီး အသင်းမှ ဆန်းနိုင်ဌေး(အနီ)နှင့် မွန်ပြည်နယ်အသင်းမှ ကျော်ကျော်ဌေး (အပြာ)တို့ ယှဉ်ပြိုင်ရာ ကျော်ကျော်ဌေး(အပြာ)က လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး အသင်းမှ ရန်ပိုင်ဦး (အနီ)နှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ မင်းဘုန်းမြင့်(အပြာ)တို့ ယှဉ်ပြိုင်ရာ မင်းဘုန်းမြင့်(အပြာ)က လည်းကောင်း၊ ကရင်ပြည်နယ်အသင်းမှ ဖိုးသဲ(အနီ)နှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ခေါ်ဆောင်(အပြာ)တို့ ယှဉ်ပြိုင်ခဲ့ရာ ဖိုးသဲ(အနီ)က လည်းကောင်း၊ အမျိုးသား ၅၄ ကီလို လူသစ်တန်းပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ စောချစ်ရအောင်(အနီ)နှင့် ပဲခူးတိုင်းဒေသကြီးအသင်းမှ ဖြိုးမင်းသန်း(အပြာ)တို့ ယှဉ်ပြိုင်ရာ ဖြိုးမင်းသန်း(အပြာ)က လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းမှ သန့်ဇင်ပိုင်(အနီ)နှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ လင်းသူရအောင်(အပြာ)တို့ ယှဉ်ပြိုင်ရာ လင်းသူရအောင်(အပြာ)က လည်းကောင်း၊ ကချင်ပြည်နယ်အသင်းမှ နော်ဆိုင်းမော်(အနီ)နှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ထက်လင်းစံ(အပြာ)တို့ယှဉ်ပြိုင်ရာ ထက်လင်းစံ(အပြာ)က လည်းကောင်း အနိုင်ရခဲ့သည်။

အလားတူ အမျိုးသား ၅၇ ကီလို လူသစ်တန်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ရန်မျိုးအောင်(အနီ)နှင့် ကယားပြည်နယ်အသင်းမှ မာတေးအူ(အပြာ)တို့ယှဉ်ပြိုင်ရာ ရန်မျိုးအောင်(အနီ)က လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းမှ စောသမှူး(အနီ)နှင့် ကရင်ပြည်နယ်အသင်းမှ အောင်ထက်ကို (အပြာ)တို့ ယှဉ်ပြိုင်ရာ အောင်ထက်ကို(အပြာ)က လည်းကောင်း၊ ကချင်ပြည်နယ်အသင်းမှ နိုင်ထက်ဦး(အနီ)နှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းမှ သော်စော(အပြာ)တို့ ယှဉ်ပြိုင်ရာ နိုင်ထက်ဦး(အနီ)က လည်းကောင်း၊ အမျိုးသား ၆၀ ကီလို လူသစ်တန်းပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ သန်းဇော်ဦး(အနီ)နှင့် မန္တလေးတိုင်းဒေသကြီး အသင်းမှ လွင်မင်းထင် (အပြာ)တို့ ယှဉ်ပြိုင်ရာ သန်းဇော်ဦး(အနီ)က လည်းကောင်း၊ အမျိုးသား ၅၄ ကီလို (ဂ အဆင့်)ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ စောဟုပ်ဝိုင်းလင်း(အနီ)နှင့် ကရင်ပြည်နယ်အသင်းမှ စောပစောဖော(အပြာ)တို့ ယှဉ်ပြိုင်ရာ စောပစောဖော(အပြာ)က လည်းကောင်း၊ ကယားပြည်နယ်အသင်းမှ ထွန်းထွန်းနိုင်(အနီ)နှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ထန်ခန့်ထွန်း(အပြာ)တို့ ယှဉ်ပြိုင်ရာ ထွန်းထွန်းနိုင်(အနီ)က လည်းကောင်း၊ အမျိုးသား ၅၇ ကီလို (ဂ အဆင့်) ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး အသင်းမှ ဒွေးကို(အနီ)နှင့် မွန်ပြည်နယ်အသင်းမှ ချစ်ကိုနိုင်(အပြာ)တို့ယှဉ်ပြိုင်ရာ ဒွေးကို(အနီ)က လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းမှ ဇင်မင်းစိုး(အနီ)နှင့် ဧရာဝတီတိုင်းဒေသကြီး အသင်းမှ ဝိုင်းချစ်ထွန်း(အပြာ)တို့ ယှဉ်ပြိုင်ရာ ဝိုင်းချစ်ထွန်း(အပြာ)က လည်းကောင်း၊ ကရင်ပြည်နယ် အသင်းမှ စောစိုးဒို့(အနီ)နှင့် ကချင်ပြည်နယ်အသင်းမှ သန့်ဇင်ဖြိုး(အပြာ)တို့ ယှဉ်ပြိုင်ရာ စောစိုးဒို့(အနီ)က လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဩဂုတ် ၁၄ ရက်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား ၆၇ ကီလို လူသစ်တန်းပြိုင်ပွဲ၊ အမျိုးသား ၅၁ ကီလို (ဂ အဆင့်)ပြိုင်ပွဲ၊ အမျိုးသား ၆၀ ကီလို (ဂ အဆင့်) ပြိုင်ပွဲ၊ အမျိုးသား ၆၃ ဒသမ ၅ ကီလို (ဂ အဆင့်) ပြိုင်ပွဲ၊ အမျိုးသမီး ၄၈ ကီလိုပြိုင်ပွဲ၊ အမျိုးသမီး ၅၁ ကီလို ပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ အားကစားဝါသနာရှင်များ မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

❍ *ကျော့ဖုံးမှ*

အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြပြီး ရရှိလာသည့်အခွင့်အရေးများကို ဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်းမရှိခဲ့သဖြင့် ဂိုးမရှိ သရေ ရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းပွဲချိန်များတွင် သစ္စာအားမာန် အသင်းက ဖိအားပေးကစားနိုင်ခဲ့သော်လည်း ရရှိလာသည့် ဂိုးသွင်းခွင့်များကို အဆုံးသတ် မသေချာမှုကြောင့် ဂိုးမရရှိဘဲ ဖြစ်ခဲ့သည်။ Falcon အသင်းသည် ကစားပုံ အချိတ်အဆက်မိမိဖြင့် စနစ်တကျ တုံ့ပြန်နိုင်ခဲ့ပြီး ပွဲချိန် ၅၁ မိနစ်တွင် ဝင်းမင်းသန့်က Falcon အသင်း အတွက် ဦးဆောင်ဂိုး စတင်သွင်းယူပေးခဲ့သည်။

ထို့နောက် ပွဲချိန် မိနစ် ၇၀ တွင် ဝင်းမင်းသန့်ကပင် ပယ်နယ်တီဧရိယာအစပ်မှတစ်ဆင့် ဒုတိယအနိုင်ဂိုးကို ထပ်မံသွင်းယူပေးခဲ့သည့်အတွက် Falcon အသင်းက နှစ်ဂိုး –ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး အမှတ်ပေးဇယား အဆင့်(၅) နေရာ၌ ရပ်တည်ခဲ့သည်။

ယနေ့ပွဲစဉ်တွင် Falcon အသင်း ကွင်းလယ်ကစားသမား ဝင်းမင်းသန့်က AYA Pay မှ ချီးမြှင့်သည့် AYA Pay Man of the Match (ပွဲစဉ်အကောင်းဆုံးကစားသမားဆု)ကို ရရှိခဲ့သည်။

ပွဲစဉ်(၁၃) ဒုတိယနေ့ပွဲစဉ်များကို ဩဂုတ် ၁၄ ရက်တွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ISPE အသင်း၊ GALAXY FC အသင်းနှင့် ချင်းလန်းအသင်း၊ ဧရာဝတီယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့ ဆက်လက် ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

**နေမျိုး၊ ဓာတ်ပုံ–MNL**

❒ *ကျော့ဖုံးမှ*

ဖြစ်ပါသဖြင့် ဓာတ်အားပြတ်ဧရိယာများရှိ စက်ရုံ/အလုပ်ရုံများနှင့် ဓာတ်အားသုံးစွဲသူ ပြည်သူများကို ကြိုတင်အကြောင်းကြားထားပြီး ဖြစ်သည်။

### ဓာတ်အားပိတ်၍ ဆောင်ရွက်သွားမည်

ထို့အတူ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်းရှိ ဓာတ်အားပေးစက်ရုံများ၏ ဓာတ်အားထုတ်လုပ်မှုများအား နိုင်ငံတော် ဓာတ်အားစနစ်ကွန်ရက်သို့ ပိုမိုသယ်ဆောင်နိုင်ရန်၊ ဓာတ်အားစနစ်တည်ငြိမ်စေရန်နှင့် ဗို့အားတိုးတက် ကောင်းမွန်စေရန်အတွက် ၁၃၂ ကေဗွီ တီကျစ်–ကလောဓာတ်အားလိုင်း၏ လက်ရှိ အလူမီနီယံ သတ္တုလျှပ်ကူးကြိုး (ACSR) ကို ဝန်အားနှစ်ဆကျော်အထိ တိုးမြှင့်သယ်ဆောင်နိုင်သည့် နည်းပညာမြင့် ဖိုင်ဘာအူတိုင်အလူမီနီယံ ဓာတ်အားလိုင်းကြိုး (ACCC)ဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းများကို ဩဂုတ် ၁၄ ရက် နံနက် ၆ နာရီမှ ဩဂုတ် ၁၆ ရက် ညနေ ၆ နာရီအထိ ဓာတ်အားပိတ်၍ ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့ ဓာတ်အားပိတ်လုပ်ငန်း ဆောင်ရွက်စဉ် လိုအပ်ပါက ဝန်အားထိန်းညှိ ဆောင်ရွက်မည်ဖြစ်ပြီး သက်ဆိုင်ရာ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ တစ်ဆင့် ပြည်သူသို့ အသိပေးထားပြီးဖြစ်ကြောင်းနှင့် ဓာတ်အားလိုင်းကြိုး လဲလှယ်ပြီးပါက ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားကို နိုင်ငံတော် ဓာတ်အားစနစ်ကွန်ရက်သို့ ပိုမိုပို့လွှတ်နိုင်မည်ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

❑ *ကျော့ဖုံးမှ*

ထို့ပြင် ၎င်းသည် ဘရာဇီးပြည်နယ် ချန်ပီယံရှစ်ပြိုင်ပွဲများတွင် Bahia၊ Alagoas နှင့် Paraiba ပြည်နယ် ချန်ပီယံဆုများကို ဆွတ်ခူးနိုင်ခဲ့သည့် ကစားသမားဘဝ အောင်မြင်မှုမှတ်တိုင်များကို စိုက်ထူထားနိုင်သူဖြစ်သည်။ အရပ် ငါးပေ ၁၁ လက်မကျော်ရှိပြီး ညာခြေကို အဓိကအားပြုကစားလေ့ရှိသည့် နက်တိုသည် လာမည့်ရာသီသစ်တွင် ရတနာပုံအသင်း၏ ရှေ့တန်းတိုက်စစ်ပိုင်း၌ အဓိကအရေးပါသော အခန်းကဏ္ဍမှ ပါဝင်လာမည်ဖြစ်သည်။

တိုက်စစ်မှူး နက်တိုသည် လာမည့်ပြိုင်ပွဲရာသီတွင် ရတနာပုံအသင်း၏ ကျောနံပါတ် (၉၀) ဂျာစီကို ဝတ်ဆင်၍ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**နေမျိုး၊ ဓာတ်ပုံ–YDNB**

❇ *ကျော့ဖုံးမှ*

မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်း၏ နည်းပြချုပ်သစ်ခန့်အပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်နှင့် တာဝန်ရှိသူများ၊ နည်းပြချုပ်သစ် Colin Bell (ကောလင်းဘဲလ်)၊ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ကစားသမားများနှင့် သတင်းမီဒီယာများ တက်ရောက်ခဲ့သည်။

နည်းပြချုပ် ကောလင်းဘဲလ်က မြန်မာကစားသမားများ၏ ပွဲစဉ်အချို့ကို လူကိုယ်တိုင်ရောဗီဒီယိုများမှပါ ကြိုတင်လေ့လာထားပြီးဖြစ်ကြောင်းနှင့် လေ့ကျင့်ရေးစခန်းစတင်ပါက ကြံ့ခိုင်မှု၊ စွမ်းဆောင်ရည် စစ်ဆေးမှုများကို စနစ်တကျ ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် ကစားသမားများ၏ တက်ကြွမှုနှင့် မွေးရာပါဘောလုံးပါရမီ အရည်အသွေးများကို မြင်တွေ့ရသဖြင့် အတူတကွ လက်တွဲလုပ်ကိုင်ရန် အထူးမျှော်လင့်နေပြီး မြန်မာအသင်း အနေဖြင့် အာရှအဆင့်တွင် ယှဉ်ပြိုင်နိုင်ရုံတင်မကဘဲ အောင်မြင်မှုဆုဖလားများ ဆွတ်ခူးနိုင်သည့် အလားအလာကောင်းများ ပိုင်ဆိုင်ထားကြောင်း ၎င်းက သုံးသပ်ပြောကြားသည်။

မြန်မာအသင်း၏ အဓိကပန်းတိုင်မှာ ကမ္ဘာ့ဖလားပြိုင်ပွဲသို့ တက်လှမ်းနိုင်ရန်ဖြစ်ပြီး အဆိုပါ စိန်ခေါ်မှုသည် မိမိအတွက် အကြီးမားဆုံးတွန်းအားဖြစ်စေကြောင်း၊ မျှော်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရန် ကစားသမားများဘက်မှ စိတ်ဓာတ်ရေးရာနှင့် ကြိုးစားလိုစိတ် အမြင့်မားဆုံးရှိနေရမည်ဖြစ်ပြီး နည်းပြတစ်ဦးအနေဖြင့် လိုအပ်သည့် အပြောင်းအလဲနှင့် တိုးတက်မှုများကို အကောင်းဆုံး ဖန်တီးပေးမည် ဖြစ်ကြောင်း နည်းပြချုပ် ကောလင်းဘဲလ်က ပြောကြားသည်။

ကောလင်းဘဲလ်သည် ၂၀၁၅ ခုနှစ်တွင် 1.FFC Frankfurt အသင်းနှင့်အတူ UEFA အမျိုးသမီး ချန်ပီယံလိဂ်ဖလား၊ တောင်ကိုရီးယားအမျိုးသမီးအသင်းကို ၂၀၂၂ AFC အာရှဖလား ဒုတိယဆုနှင့် ၂၀၂၃ ကမ္ဘာ့ဖလားခြေစစ်ပွဲ အောင်မြင်အောင် ဦးဆောင်ပေးနိုင်ခဲ့သည့် အတွေ့အကြုံရင့် နည်းပြတစ်ဦးဖြစ်သည်။

**နေမျိုး၊ ဓာတ်ပုံ–MFF**

❖ *ကျော့ဖုံးမှ*

အက်စ်တွန်ဗီလာအသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့သော အသက် ၁၇ နှစ်အရွယ် လူငယ်တိုက်စစ်ကစားသမား ဘရိုင်ယန်မက်ဂျီသည် စူပါဖလားပြိုင်ပွဲတွင် အသက်အငယ်ဆုံး ဂိုးသွင်းယူနိုင်သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ပီအက်စ်ဂျီအသင်းသည် ယမန်နှစ်က စူပါဖလားဗိုလ်လုပွဲတွင်လည်း အင်္ဂလန်ကလပ် စပါးအသင်းကို ပယ်နယ်တီအဆုံးအဖြတ်တွင် အနိုင်ယူပြီး ပထမဆုံးအကြိမ် ဆွတ်ခူးနိုင်ခဲ့သည်။

**အောင်ဇော်**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# သောင်တင်နေသည့်သင်္ဘောမှ ရေနံယိုစိမ့်မှုကြောင့် အိုမန်အလယ်ပိုင်းကမ်းခြေများ ထိခိုက်

**မက်စကပ် ဩဂုတ် ၁၃**
အိုမန်နိုင်ငံတောင်ပိုင်း ဒိုဖာဒေသကမ်းလွန်တွင် သောင်တင်နေသည့် ကာရိုလိုင်းဘန်ဇင်ဂျီသင်္ဘောရေနံယိုစိမ့်မှုမှ ထွက်ပေါ်လာသည့်ညစ်ညမ်းမှုသည် အိုမန်နိုင်ငံအလယ်ပိုင်းကမ်းရိုးတန်းဧရိယာတစ်ခုဖြစ်သော ရက်စ်မာဒရာခါရှိကမ်းခြေအချို့သို့ ရောက်ရှိထိခိုက်မှုရှိကြောင်း အိုမန်နိုင်ငံ၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအာဏာပိုင်အဖွဲ့က ဩဂုတ် ၁၂ ရက်တွင် ပြောသည်။

စောင့်ကြည့်ရေး ကိရိယာများ၊ ဂြိုဟ်တုပုံရိပ်များနှင့် ခေတ်မီစနစ်များအသုံးပြု၍ ရေနံယိုစိမ့်ပျံ့နှံ့မှုရှိရာနေရာများကို ခြေရာခံရန်နှင့် ညစ်ညမ်းမှု ဖြစ်ပွားနိုင်ခြေရှိသည့်ဧရိယာများကိုခန့်မှန်းရန် ဆောင်ရွက်လျက်ရှိသည်ဟု အာဏာပိုင်များက ပြောသည်။



ညစ်ညမ်းမှုဖြစ်ပွားရာဒေသများကိုကန့်သတ်ရန် အထူးအဖွဲ့များဖွဲ့စည်း၍ လုပ်ဆောင်လျက်ရှိသည်။ အဆိုပါသင်္ဘောသည် သင်္ဘောပေါ်တွင်ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဇွန်လအတွင်းမှစတင်၍ သောင်တင်နေခဲ့ခြင်းဖြစ်သည်ဟု မီဒီယာတွင် ဖော်ပြထားသည်။

အဆိုပါသင်္ဘောမှ ထွက်ရှိလာသည့် ရေနံယိုစိမ့်ညစ်ညမ်းမှုသည် ခန့်မှန်းခြေအားဖြင့် စတုရန်းကီလိုမီတာ ၃၉၀ အထိပျံ့နှံ့သွားပြီး အယ်ဟယ်လန်နီယက်ကျွန်းစုများ၏ အရှေ့မြောက်ဘက်မှ ပြည်မကမ်းရိုးတန်းဘက်သို့ ဆက်လက်ပျံ့နှံ့သွားကြောင်း သိရသည်။

ဆင်ဟွာ

# အာဖဂန်ကလေး ၃ ဒသမ ၇ သန်း ပြင်းထန်သည့်အာဟာရချို့တဲ့မှုဒဏ်ခံစားနေရ

**ကဘူးလ် ဩဂုတ် ၁၃**
လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ လျှော့ချခြင်းကြောင့် သန်းနှင့်ချီသည့်လူများ ကျန်းမာရေးဝန်ဆောင်မှုများကို ရရှိရန် မလွယ်ကူတော့သည့်အချိန်တွင် အာဖဂန်နစ္စတန်နိုင်ငံအတွင်း အသက်ငါးနှစ်အောက်ကလေး ၁၀ ဦးလျှင် တစ်ဦးနီးပါးမှာ ပြင်းထန်သည့် အာဟာရချို့တဲ့မှုခံစားနေရကြောင်း Save the Children က ကြေညာခဲ့သည်ဟု ပြည်တွင်းမီဒီယာ တိုလိုနယူးစ်က ဩဂုတ် ၁၃ ရက်တွင် ထုတ်ပြန်ထားသည်။

အသက်ငါးနှစ်အောက် ကလေးများအကြား ပြင်းထန်သည့် အာဟာရချို့တဲ့ခြင်းမှာ လွန်ခဲ့သည့် လေးနှစ်အတွင်း ၁၄ ရာခိုင်နှုန်း တိုးမြင့်လာခဲ့ပြီး ၂၀၂၆ ခုနှစ်အတွင်း ကလေး ၃ ဒသမ ၇ သန်းဝန်းကျင် ထိခိုက်ခံစားခဲ့ရကြောင်း အဆိုပါအဖွဲ့က ပြောကြားသည်။

ရန်ပုံငွေပြတ်လပ်မှုကြောင့် ကျန်းမာရေးစောင့်ရှောက်မှုဌာန ၆၀၀ နီးပါးကို ပိတ်သိမ်းသို့မဟုတ် ရပ်နားခဲ့ရကာ လူလေးသန်းခန့် ထိခိုက်ခဲ့ရကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

ဆင်ဟွာ

# အင်ဒိုနီးရှားသမ္မတ အမျိုးသားအဆင့် လျှပ်စစ်မော်တော်ဆိုင်ကယ်အစီအစဉ် စတင်

**ဂျကာတာ ဩဂုတ် ၁၃**
အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုဆူဘီယန်တိုက ဩဂုတ် ၁၃ ရက်က လျှပ်စစ်မော်တော်ဆိုင်ကယ်အသုံးပြုမှုကို အမျိုးသားအဆင့် မြှင့်တင်ရန် Molinas ဟူသည့် အမျိုးသားအဆင့် လျှပ်စစ်မော်တော်ဆိုင်ကယ်အစီအစဉ်ကို စတင်လိုက်ပြီး ယင်းအစီအစဉ်သည် နိုင်ငံအတွင်းရှိ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများ ပူးပေါင်းဆောင်ရွက်သည့် "Indonesia Incorporated" မူဝါဒကို ဖော်ပြသည့် ထင်ရှားသော ဥပမာတစ်ခုဖြစ်ကြောင်း ပြောကြားခဲ့သည်။

မျက်မှောက်ခေတ်တွင် နိုင်ငံတစ်နိုင်ငံ၏ အောင်မြင်တိုးတက်မှုသည် နည်းပညာကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချနိုင်ခြင်းနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာကို ထိရောက်စွာ အသုံးပြုနိုင်ခြင်းအပေါ် မူတည်ကြောင်း ၎င်းက ပြောကြားသည်။

ဆင်ဟွာ

# ဂျပန်နိုင်ငံမြို့များအတွက် မိုးရွာသွန်းခြင်းဆိုင်ရာ အမြင့်ဆုံး အရေးပေါ်သတိပေးချက် ထုတ်ပြန်

**တိုကျို ဩဂုတ် ၁၃**
ဂျပန်နိုင်ငံ မိုးလေဝသအေဂျင်စီ (JMA) က တိုကျိုမြို့အရှေ့ဘက်၊ ချီဘာ စီရင်စု၏ မြို့ ၁၈ မြို့နှင့် မြို့နယ်တစ်ခုတွင် မိုးသည်းထန်သည့်အတွက် ဩဂုတ် ၁၃ ရက်က မိုးရွာသွန်းခြင်းဆိုင်ရာ အမြင့်ဆုံး အဆင့် ၅ အရေးပေါ် သတိပေးချက်တစ်ရပ် ထုတ်ပြန်လိုက်ပြီး ပြည်သူများအား အသက်အန္တရာယ်ဘေးကင်းရေးကို ဦးစားပေးလုပ်ဆောင်ရန် တိုက်တွန်းထားသည်။

မြေပြိုကျနိုင်ခြင်း အတွက် အဆင့်၅အရေးပေါ်သတိပေးချက်ကိုလည်း ချီဘာနှင့် အီချီဟာရာမြို့များအတွက် JMA ကထုတ်ပြန်ထားသည်။ ထိခိုက်မှုကြုံတွေ့နိုင်သည့်ဒေသများမှပြည်သူများသည် အထူးဂရုပြုသတိထားကာ မိမိတို့၏ ဘေးကင်းလုံခြုံရေးအတွက် တတ်နိုင်သမျှ အစွမ်းကုန်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း တာဝန်ရှိသူများက တိုက်တွန်းထားသည်။

အီဘာရာကီစီရင်စု တောင်ပိုင်းဒေသများတွင် မိုးသည်းထန်စွာရွာသွန်းစေနိုင်သည့် မိုးတိမ်များ ဖြစ်ပေါ်လာနိုင်ကြောင်းနှင့် အခြားမြို့နယ်များနှင့် မြို့များအတွက်လည်း မိုးသည်းထန်စွာရွာသွန်းခြင်းဆိုင်ရာ အမြင့်ဆုံး အဆင့် ၅ အရေးပေါ်သတိပေး




ချက် ထုတ်ပြန်နိုင်ခြေရှိကြောင်း၊ ယင်းသတိပေးချက် မထုတ်ပြန်မီ ပြည်သူများအနေဖြင့် မိမိတို့၏ ဘေးကင်းလုံခြုံရေးအတွက် ကြိုတင် ဆောင်ရွက်ထားကြရန်လည်း(JMA) ကဆက်လက်တိုက်တွန်းထားသည်။

အင်န်အိတ်ချ်ကေ

# နီပေါနိုင်ငံ အနောက်ပိုင်း မြေပြိုကျမှု နှစ်ဦးသေဆုံး

**ခတ္တမန္ဒူ ဩဂုတ် ၁၃**
နီပေါနိုင်ငံ အနောက်ပိုင်းရှိ ရောလ်ပါခရိုင်တွင် ယမန်နေ့က နေအိမ်များ၊ နွားတင်းကုပ်များနှင့် ဆိုင်တစ်ဆိုင် မြေပြိုမှုအတွင်း ပါသွားခဲ့ပြီး လူနှစ်ဦးသေဆုံးကာ အခြား ၁၀ ဦး ပျောက်ဆုံးနေကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ အဆိုပါ သဘာဝဘေးအန္တရာယ်ဖြစ်စဉ်အတွင်း လူနှစ်ဦး ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်။

ပျက်စီးဆုံးရှုံးမှု အတိအကျကို မသိရှိရသေးကြောင်းနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နေကြောင်း ခရိုင်ရဲတပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ခရစ်ရှ်နာ ရှရက်စ်သာက ပြောကြားခဲ့သည်။ ယမန်နေ့ မွန်းလွဲပိုင်းမှစတင်၍ မိုးအဆက်မပြတ်ရွာသွန်းခဲ့ခြင်းကြောင့် မြေပြိုမှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း ရှရက်စ်သာက ဆက်လက်ပြောကြားသည်။

ဆင်ဟွာ

# မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေး ပိုမိုခိုင်မာရန် နယူးဇီလန်နှင့် ဗီယက်နမ်နိုင်ငံတို့ သဘောတူ

**ဝယ်လင်တန် ဩဂုတ် ၁၃**
နယူးဇီလန်ဝန်ကြီးချုပ် ခရစ်စတိုဖာ လူဇွန်နှင့် ဗီယက်နမ်သမ္မတတိုလန်တို့သည် နှစ်နိုင်ငံဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး ပိုမိုခိုင်မာရေးခြေလှမ်းသစ်များ စတင်ရန် ဩဂုတ် ၁၃ ရက်က သဘောတူခဲ့ကြောင်း သိရသည်။

ဗီယက်နမ်သမ္မတ နယူးဇီလန်သို့လာရောက်သည့်ခရီးစဉ်အတွင်း ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကိုမြှင့်တင်ရန်၊ အတားအဆီးများ လျှော့ချရန်၊ သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုတိုးချဲ့ရန် နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုတိုက်ဖျက်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်မှုပိုမိုနက်ရှိုင်းစေရန်တို့ကို ဆွေးနွေးခဲ့ကြောင်း နယူးဇီလန်အစိုးရ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

စိုက်ပျိုးရေးကဏ္ဍတွင် နှစ်နိုင်ငံကြား အပြန်အလှန်ဈေးကွက်ဝင်ရောက်ခွင့်ကို တိုးချဲ့ပေးမည်ဖြစ်ပြီး နယူးဇီလန်ထွက်ကုန်များဖြစ်သည့် ပျားရည်နှင့် သမင်အခြေခံထုတ်ကုန်များအပြင် ဗီယက်နမ်နိုင်ငံထုတ် ပန်းနှင့် ပန်းအလှဆင်ပစ္စည်းများလည်း ပါဝင်သည်။

ဆင်ဟွာ

# မလေးရှားနိုင်ငံ၏ အလုပ်သမားဈေးကွက် လိုအပ်ချက် ၁ ဒသမ ၇ ရာ ခိုင်နှုန်းမြင့်တက်

**ကွာလာလမ်ပူ ဩဂုတ် ၁၃**
မလေးရှားနိုင်ငံ၏ အလုပ်သမားဈေးကွက်လိုအပ်ချက်မှာ ယမန်နှစ်အလားတူကာလကနှင့် နှိုင်းယှဉ်ပါက ၂၀၂၆ ဒုတိယနှစ်ဝက်ကာလတွင် ၁ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်လာပြီး အလုပ်အကိုင်ရရှိသူပေါင်း ၉ ဒသမ ၂၅ သန်းရှိသည်ဟု ဩဂုတ် ၁၃ ရက်တွင် ထုတ်ပြန်သည့် တရားဝင်အချက်အလက်များအရ သိရသည်။

ကမ္ဘာတစ်ဝန်းမသေချာမှုများဖြစ်ပေါ်နေသော်လည်း ၂၀၂၅ ခုနှစ် ဒုတိယသုံးလပတ်နှင့်နှိုင်းယှဉ်လျှင် နောက်ထပ်တိုးလာသည့်အလုပ်အကိုင်သစ်ရရှိသူဦးရေမှာ ၁၅၂၃၀၀ ရှိသည်။ ရရှိနိုင်သည့်အလုပ်အကိုင်များထဲတွင် ၉၇ ဒသမ ၉ ရာခိုင်နှုန်းမှာ ဝန်ထမ်းများခန့်ထားပြီးဖြစ်ကာ ကျန်ရှိသည့် ၂ ဒသမ ၁ ရာခိုင်နှုန်းမှာ လစ်လပ်နေရာများဖြစ်သည်။ ကမ္ဘာတစ်ဝန်း စိန်ခေါ်မှုများရှိနေသော်လည်း မလေးရှားနိုင်ငံ၏ အလုပ်သမားဈေးကွက်ဆက်လက်တောင့်ခံနိုင်စွမ်းရှိနေဆဲဖြစ်ကြောင်း အဆိုပါရလဒ်များက ပြသလျက်ရှိသည်။

ဆင်ဟွာ

# ကိုလံဘီယာနိုင်ငံ၌ ငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူ ၂၆၅ ဦးရှိလာ

**ဘိုဂိုတာ ဩဂုတ် ၁၃**
ကိုလံဘီယာနိုင်ငံ၌ ဩဂုတ် ၁၀ ရက်က လှုပ်ခတ်ခဲ့သည့်ငလျင်ကြောင့် သေဆုံးသူပေါင်း ၂၆၅ ဦးအထိတိုးလာပြီး ဒဏ်ရာရရှိသူ ၃၄၉၄ ဦးနှင့် ပျောက်ဆုံးနေသူ ၄၉၆ ဦးရှိကြောင်း ကိုလံဘီယာ သမ္မတ အာဘယ်လာဒိုဒီလာ အက်စပရီယယ်လာက ဩဂုတ် ၁၂ ရက်တွင် ပြောကြားသည်။

သဘာဝဘေးကြောင့် လူပေါင်း ၅၃၀၀၀ ကျော် ထိခိုက်ခဲ့ရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထိခိုက်ခံစားရသူများထံသို့ အကူအညီများ ပိုမိုမြန်ဆန်စွာ ရောက်ရှိနိုင်ရန် စီးပွားရေးဆိုင်ရာ အရေးပေါ်အခြေအနေတစ်ရပ်ကြေညာသွားမည်ဖြစ်ပြီး အစိုးရ၏ အားထုတ်ကြိုးပမ်းမှုသည် ပျောက်ဆုံးနေသူများ ရှာဖွေရေးအပေါ် ဦးတည်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဆင်ဟွာ

# မွန်ဂိုလီးယားနိုင်ငံ၏ စုစုပေါင်းနယ်မြေ ၈၂ ရာခိုင်နှုန်းနီးပါး သဲကန္တာရဖြစ်ထွန်းမှုဒဏ်ခံနေရ

**အူလန်ဘာတာ ဩဂုတ် ၁၃**
မွန်ဂိုလီးယားနိုင်ငံ၏ စုစုပေါင်းနယ်မြေ ၈၁ ဒသမ ၉ ရာခိုင်နှုန်းထက်မနည်းမှာ အတိုင်းအတာတစ်ခုအထိ သဲကန္တာရဖြစ်ထွန်းခြင်းနှင့် မြေအရည်အသွေး ကျဆင်းခြင်းတို့ဖြစ်ပေါ်ခဲ့ကြောင်း နိုင်ငံ၏ ပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာဝန်ကြီးဌာနက ဩဂုတ် ၁၂ ရက်က ထုတ်ပြန်သည့် အမျိုးသားအဆင့် သုံးသပ်ချက်အရ သိရသည်။

၁၉၈၉ ခုနှစ်အတွင်း မွန်ဂိုလီးယားနိုင်ငံ၏ ပထမဆုံးသဲကန္တာရဖြစ်ပွားသည့်အချိန်မှစကာ အမျိုးသားအဆင့် သုံးသပ်ချက်များကို အခါအားလျော်စွာဆောင်ရွက်ခဲ့ကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။

ဆင်ဟွာ

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၄-၈-၂၀၂၆ သောကြာနေ့

### MRTV HD

- ၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အမှူးပြုသော နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဆရာတော်များက ပရိတ်တရားတော်ရွတ်ဖတ်ပူဇော်ခြင်း
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ ပုဂံနှင့်ယွန်းထည်
- ၀၉:၁၀ မြတ်နိုးဖွယ်ရာဝါးလက်မှုပညာ
- ၀၉:၃၅ Soccer View
- ၁၀:၃၅ လူမှုစီးပွားသတင်းများ
- ၁၂:၄၅ ၂၀၂၆ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံဖူဆယ် (အမျိုးသား) ပြိုင်ပွဲဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ကာကွယ်ရေးဝန်ကြီးဌာန နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန)
- ၁၄:၃၀ MRTV National News
- ၁၅:၁၅ လူငယ်ရေးရာအစီအစဉ်
- ၁၆:၄၀ မျိုးဝက်တင့်စေဆိုကရေးတီးအငွေ
- ၁၇:၁၀ နိုင်ငံတော်ရွှေသီးဖို့ကုန်ထုတ်လုပ်မှုအားပေးစို့ (ငွေကြယ်မုန့်လုပ်ငန်း)
- ၁၇:၃၀ Weekly Sports Info
- ၁၈:၃၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၁၉:၁၅ မြန်မာဇာတ်လမ်းတွဲ 'အချစ်ရဲ့အိပ်မက်တန်ဖိုး' (အပိုင်း-၂)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ 'မိုးယံမှသည်ချစ်သူဆီသို့' တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၂၂:၁၀ ရုပ်မြင်သံကြားဇာတ်လမ်း

### mitv

- 07:02 Evergreen Classic; Mingalar Su Taung
- 07:10 BE. FALLS PARK
- 07:50 Traditional Myanmar Theatrical Performance
- 07:24 Taung Byone Nat Festival (Ep-1)
- 08:01 News
- 08:34 Karunar Kabar Home for the Aged (Nay Pyi Taw)
- 08:53 Local Talents Show; Country Roads
- 09:01 Ancient Historical Kakku Pagoda
- 09:11 World Heritage Site: Beikthano
- 09:47 Chef Life:Thanakrit Chamnongbutr
- 10:01 News

### Me

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၇:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ငွေရောင်အနာဂတ်' (အပိုင်း-၁၅)
- ၀၉:၀၅ မှတ်မှတ်သားသားပုံပြင်များ 'သံနှင့်သား'
- ၀၉:၃၀ ကြေးလည်းဝေမြို့တမ်းတဆဲ 'မေ့မရနိုင်တဲ့ ခရီးဖော်' (အပိုင်း-၁) တေးသံရှင် ချိုဝေလွင်
- ၁၀:၀၀ တမ်းတမ်းတတဖြစ်ခဲ့ရသောရုပ်ရှင်တေးသီချင်းများ
- ၁၀:၁၅ မြန်မာရုပ်ရှင် (ဆေးရောင်စုံ) 'ခရီးသွားဗီးဒီးတန်းများ'
- ၁၂:၄၅ ၂၀၂၆ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံဖူဆယ် (အမျိုးသား) ပြိုင်ပွဲဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ကာကွယ်ရေးဝန်ကြီးဌာန နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန)
- ၂၁:၀၀ 'မိုးယံမှသည်ချစ်သူဆီသို့' တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်

### MRTV NRC

- ချင်း (လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀) ရှားစောင်းလက်ပပ်ရဲ့အစွမ်း
- ချင်း (ချို) (၀၇:၀၀ မှ ၀၈:၀၀) ချင်းရိုးရာသီချင်းကြီးအကြောင်း
- မွန် (၀၈:၀၀ မှ ၁၀:၀၀) မွန်ရိုးရာကြက်သားမရမ်းပြားချက်
- ရခိုင် (၁၀:၀၀ မှ ၁၂:၀၀) ထူးဆန်းပွေ့ရာရခိုင့်ဓလေ့ရှေးရိုးရာ
- ရှမ်း (၁၂:၀၀ မှ ၁၄:၀၀) ဟောရှမ်းနှင့်ရွှေမန်းနယ်စပ်ကသာယာလှပ ဆင်ခေါင်းတောင်အလှ
- ဝ (၁၄:၀၀ မှ ၁၆:၀၀) 'ဝ' ဘာသာစကားပြောကြရအောင်
- ကချင် (၁၆:၀၀ မှ ၁၈:၀၀) ကချင်ဝက်အူချောင်း
- ကယား (၁၈:၀၀ မှ ၂၀:၀၀) စိတ်ဝင်စားဖွယ် ဒီးမော့ဆိုတောင်ရိုးရာဓလေ့
- စကောကရင် (၂၀:၀၀ မှ ၂၁:၀၀) တောင်ပေါ်ဒေသ သဘာဝပျားဖွပ်လုပ်ငန်း
- အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀) သဘာဝပိကျောင်းများ ပျော်စံရာပိန်းမလှကျွန်း
- အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀) အစာအိမ်ရောဂါအကြောင်းသိကောင်းစရာ

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၇:၄၅ Football Highlights
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၄၅ ရသစုံစွာကဲ့မြေကမ္ဘာ
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကျင်းပမှု (Repeat)
- ၂၀:၀၀ ပြည်တွင်းသတင်း (၁၄-၈-၂၀၂၆)

### MRTV FARMERS'

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၂၅ နိုင်ငံတော်ရွှေသီးဖို့ MSME ဈေးရောင်းပွဲတော်များကျင်းပကြပါစို့
- ၀၇:၀၀ စိုက်ပျိုးမွေးမြူသုတဘက်
- ၀၈:၀၀ ပတ်စရာမှတ်စရာဆောင်းပါးကဏ္ဍ
- ၀၉:၀၀ နိုင်ငံ့စီးပွားမြင့်မားဖို့ မွေးမြူရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်စို့
- ၁၀:၃၀ မိမိနေအိမ်ကိုတည်ဆောက်ကြသူများ (ပြည်သူ့နီတိ)

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၄၀ Soccer View
- ၀၈:၀၀ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသားဘော်လီဘောပြိုင်ပွဲ (Replay) (မြန်မာ Vs လာအို)
- ၁၂:၄၅ ၂၀၂၆ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံဖူဆယ် (အမျိုးသား) ပြိုင်ပွဲဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ကာကွယ်ရေးဝန်ကြီးဌာန နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန)
- ၁၉:၀၀ အားကစားသတင်း

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

## မုဒုံမြို့နယ်၌ ကျောင်းပေါင်းစုံ အသက် (၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

မုဒုံ ဩဂုတ် ၁၃

မွန်ပြည်နယ် မုဒုံမြို့နယ်၌ အခြေခံပညာကျောင်းပေါင်းစုံ အသက် (၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၁ ရက်က မြို့နယ်အားကစားပြိုင်ဝင်းအတွင်းရှိ မီတာ ၄၀၀ ဘောလုံးကွင်း၌ပြုလုပ်ရာ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးသက်ထွေး က ပြည်နယ်အဆင့် အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး အတွက် မြို့နယ်အဆင့် လက်ရွေးစင်အားကစားသမားများ ရွေးချယ်နိုင်ရေးအထောက်အကူပြု ပြိုင်ပွဲဖြစ်ကြောင်းပြောကြားပြီး မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဘောလုံးအသင်း ၁၃ သင်းကို အုပ်စု လေးအုပ်စုခွဲ၍ ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ ပထမပွဲစဉ်တွင် အထက(၃) မုဒုံ ဘောလုံးအသင်းနှင့် အထက (ကလော့သော့) ဘောလုံးအသင်းတို့က စတင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ရာမညာ(ပြန်/ဆက်)





## သင်္ဃန်းကျွန်းပညာရေးဒီဂရီကောလိပ်၌ ပိုက်ကျော်ခြင်းခြေစမ်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၃

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် သင်္ဃန်းကျွန်းပညာရေး ဒီဂရီကောလိပ် အားကစားခန်းမ၌ ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု ပိုက်ကျော်ခြင်းလက်ရွေးစင်အသင်းနှင့် ပညာရေးဝန်ကြီးဌာန ကိုယ်စားပြု ပိုက်ကျော်ခြင်းလက်ရွေးစင်အသင်းတို့ခြေစမ်းပွဲကို ယမန်နေ့ နံနက်က ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အဆိုပါပိုက်ကျော်ခြင်းခြေစမ်းပွဲယှဉ်ပြိုင်ရာသို့ သင်္ဃန်းကျွန်း ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါ်နှင်းကြူဦး၊ ရန်ကင်း မြို့နယ် ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီး၊ အတတ်ပညာဦးစီး ဌာန ဒုတိယညွှန်ကြားရေးမှူး ဦးရဲနိုင်၊ သင်္ဃန်းကျွန်းပညာရေးဒီဂရီ ကောလိပ် ဒုတိယကျောင်းအုပ်ကြီး၊ ပါမောက္ခဆရာ ဆရာမကြီးများ နှင့် ကျောင်းသား ကျောင်းသူများ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ဇော်မိုး

## စလင်းမြို့နယ်၌ ကျွဲ/နွား ခွာနာရောဂါကာကွယ်ဆေးထိုးနှံ

စလင်း ဩဂုတ် ၁၃

မကွေးတိုင်းဒေသကြီး စလင်း မြို့နယ်၌ သိုး၊ ဆိတ်မွေးမြူ တိုးတက် ထုတ်လုပ်နိုင်ရေးနှင့် ကျွဲ/နွား ခွာနာရောဂါကာကွယ် ဆေးထိုးနှံခြင်းကို ယမန်နေ့နံနက်



ပိုင်းက ရှန်းပင်ကန်ကျေးရွာအုပ်စု ရှန်းပင်ကန်ကျေးရွာရှိ ဓမ္မာရုံတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ကကွင်းဆင်း၍ အသိပညာပေး ဟောပြောရာတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာ အောင်သူရက ဆိတ်မွေးသူတောင် သူများအား မျိုးကောင်းမျိုးသန့် များကို ရွေးချယ်ခြင်းနှင့် ဒေသနှင့် ကိုက်ညီပြီး ကြီးထွားမှုနှုန်း ကောင်းသောမျိုးများကိုမွေးမြူစေ ခြင်း၊ သန့်ရှင်းသောအစာနှင့် ရေအာဟာရပြည့်ဝသော အစာ စိမ်းအစာခြောက်နှင့် သန့်ရှင်း သောရေကို တိုက်ကျွေးစေခြင်း၊ ခြံအတွင်း ရေဝပ်ခြင်းမရှိစေရန် ခြောက်သွေ့သန့်ရှင်းအောင် ပြုလုပ် မွေးမြူစေခြင်း၊ ကူးစက်ရောဂါများ မဖြစ်ပွားစေရန် တိရစ္ဆာန်ဆေးကု သဆရာဝန်နှင့် ပုံမှန်ကုသပြသရန် နှင့် ကျွဲ/နွားခွာနာလျှာနာ ရောဂါ များအကြောင်းကို ရှင်းလင်း ဆွေးနွေးဟောပြောကာ ကျွဲ/ နွားခွာနာလျှာနာရောဂါ ကာကွယ် ဆေးကို နွားမွေးမြူသူ တောင်သူ ၆၈ ဦးတို့၏ နွားကောင်ရေ ၁၅၀ ကို ကာကွယ်ဆေးများ ထိုးနှံ ခြင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မောင်လွင်(စလင်း)

## ဘိုကလေးမြို့နယ်၌ ရေကြီးရေလျှံမဖြစ်ပွားစေရေး ရေနုတ်မြောင်းများတူးဖော်ဆောင်ရွက်

ဘိုကလေး ဩဂုတ် ၁၃

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေး မြို့နယ် စည်ပင်သာယာရေးအဖွဲ့ က မိုးရာသီကာလအတွင်း မြို့နယ် တွင်း၌ ရေကြီးရေလျှံမဖြစ်ပွားစေ ရေးနှင့် ရေစီးရေလာ ကောင်းမွန် စေရေးအတွက် ယနေ့နံနက်ပိုင်းမှ စတင်၍ မြို့နယ်တွင်းရှိ ရေနုတ် မြောင်းများကို စက်ယန္တရား များဖြင့် တူးဖော်ဆောင်ရွက်သည်။ တူးဖော် ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်စိုး နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ထက်ဦးတို့၏ ကြီးကြပ်မှု တို့ဖြင့် မြို့နယ်တွင်းရှိ ရေနုတ် မြောင်းများ၊ ရေထွက်မြောင်းများ ကို စက်ယန္တရားများဖြင့် တူးဖော် ဆောင်ရွက်ခြင်း၊ အမှိုက်သရိုက် များဆယ်ယူခြင်း၊ ရေနုတ်မြောင်း များ၏ ပတ်ဝန်းကျင်ရှိ ပြည်သူ များအား ရေစီးရေလာကောင်းမွန် ရေးအတွက် လိုက်နာဆောင်ရွက်ရ မည့်ကိစ္စရပ်များကို အသိပညာ ပေးခြင်းတို့ ဆောင်ရွက်ခဲ့ကြ ကြောင်း သိရသည်။

မိုးစက် (ဘိုကလေး)





## ကျိုက်လတ်၌ ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေး ရေနုတ်မြောင်းများ တူးဖော်ရှင်းလင်း

ကျိုက်လတ် ဩဂုတ် ၁၃

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်အတွင်း မိုးတွင်းကာလ ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေးအတွက် ယမန်နေ့နံနက်ပိုင်းမှ စတင်၍ မြို့နယ်အတွင်းရှိ ရေနုတ်မြောင်းများကို ရေစီးရေလာ ကောင်းမွန်စေရန် တူးဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်၏ ကြီးကြပ်မှု ဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်စိန်စိန်စိုး ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများက ရေနုတ် မြောင်းများ တူးဖော်ခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ လူနေထူထပ်သည့် လမ်းများရှိ ယာဉ်ယန္တရားမဝင်နိုင်သည့် နေရာများ အား လူအားဖြင့် ဖော်ထုတ်ရှင်းလင်းပေးခြင်းအပြင် ထွက်ရှိအမှိုက်များ အားလုံးကိုလည်း စည်ပင်သာယာရေးအဖွဲ့ပိုင်ယာဉ်များဖြင့် စနစ်တကျ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

ကျိုက်လတ်(ပြန်/ဆက်)

# ပန်းတိုင်ပျောက်ရှသွားသော ခြေလှမ်းများနှင့် မူးယစ်ဆေး၏ သားကောင်များ

စောအိန္ဒြေ

**လူသားတစ်ဦး၏ ဘဝခရီးလမ်းတွင် ရည်မှန်းချက်ပန်းတိုင်ဟူသည် ရှေ့ဆောင်လမ်းပြသည့် ကြယ်တစ်ပွင့်ကဲ့သို့ အရေးကြီးလှပါသည်။ အထူးသဖြင့် ခွန်အားဗလနှင့် ဉာဏ်ရည်ဉာဏ်သွေး ထက်သန်စပြုနေသော လူငယ်အရွယ်များအတွက် မိမိတို့လျှောက်လှမ်းရမည့် လမ်းကြောင်းက ဖြောင့်ဖြူးဖြူစင်နေရန် လိုအပ်ပါသည်။**

မျက်မှောက်ခေတ် ကမ္ဘာ့အခြေအနေနှင့် လူမှုပတ်ဝန်းကျင် ပြောင်းလဲမှုများကြား၌ လူငယ်တို့၏ တက်ကြွသော ခြေလှမ်းများကို ရပ်တန့်စေရန် ချောင်းမြောင်းနေသည့် အန္တရာယ်ဆိုးတစ်ခု ရှိနေသည်ကို တွေ့ရှိရပါသည်။ ယင်းမှာ လှပသော အနာဂတ်အိပ်မက်များကို ဝါးမျိုဖျက်ဆီးပစ်နိုင်သည့် မူးယစ်ဆေးဝါးပင် ဖြစ်ပါသည်။

ယနေ့ခေတ်ကာလတွင် မူးယစ်ဆေးဝါးသည် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုတစ်ရပ် ဖြစ်လာနေပြီး နိုင်ငံတကာတွင် လူသားမျိုးနွယ်စု၏ အနာဂတ်ကို ခြိမ်းခြောက်လျက်ရှိပါသည်။

မူးယစ်ဆေးဝါးဟူသည် သောက်သုံးမိပါက စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုများကို ဖြစ်ပေါ်စေပြီး ရေရှည်တွင် စွဲလမ်းမှုကို ဖြစ်စေသည့် ဓာတုပစ္စည်းများ ဖြစ်ပါသည်။ သဘာဝမှ ရရှိသော ဘိန်း၊ ဆေးခြောက်တို့မှသည် ဓာတ်ခွဲခန်းထုတ် စိတ်ကြွဆေးဝါးများအထိ ပုံစံမျိုးစုံဖြင့် တည်ရှိနေပါသည်။ ထိုပစ္စည်းများက လူ၏ဦးနှောက်အတွင်းရှိ ဆက်သွယ်ရေးစနစ်များကို ကမောက်ကမဖြစ်စေကာ ပုံမှန်တွေးခေါ်နိုင်စွမ်းကို လျော့ကျစေပါသည်။ ထို့ကြောင့် မူးယစ်ဆေးဝါးသည် လူသားတို့၏ အသိဉာဏ်ကို မှေးမှိန်စေသည့် အဓိကအဟန့်အတားတစ်ခုအဖြစ် တည်ရှိနေပါသည်။

**လူငယ်များအကြား ပျံ့နှံ့နေသော စိတ်ကြွဆေးဝါးများ၏ အန္တရာယ်**

မျက်မှောက်ခေတ်တွင် လူငယ်များအကြား၌ ဓာတုဗေဒနည်းဖြင့် ထုတ်လုပ်ထားသော စိတ်ကြွဆေးပြားများနှင့် အသစ်အဆန်း ပုံစံဖော်ထားသည့် မူးယစ်ဆေးဝါးများ ပျံ့နှံ့မှု မြင့်မားနေသည်ကို တွေ့ရပါသည်။ ဤဆေးဝါးများသည် လူငယ်တို့၏ ဦးနှောက်ဖွံ့ဖြိုးမှုကို တိုက်ရိုက်ထိခိုက်စေသည့် ဘေးထွက်ဆိုးကျိုးများ ရှိနေပါသည်။ အထူးသဖြင့် စိတ်ကြွဆေးများက လူကို ခဏတာတက်ကြွလန်းဆန်းသည်ဟု ထင်ယောင်ထင်မှား ဖြစ်စေသော်လည်း ရေရှည်တွင် ဦးနှောက်ဆဲလ်များကို ပျက်စီးစေကာ စိတ်ဝေဒနာရှင်များအဖြစ် ပြောင်းလဲသွားစေနိုင်ပါသည်။

လူငယ်လူရွယ်များသည် အရာရာကို စူးစမ်းလိုပြီး အသစ်အဆန်းများကို စမ်းသပ်လိုသော သဘာဝ ရှိကြပါသည်။ ဤစူးစမ်းလိုစိတ်သည် အသိပညာဗဟုသုတနည်းပါးမှုနှင့် ပေါင်းစပ်သွားသောအခါ မူးယစ်ဆေးဝါးများ၏ **"တစ်ခါတည်းပါပဲ"** ဟူသော ဆွဲဆောင်မှုအတွင်းသို့ ရောက်ရှိသွားတတ်ပါသည်။ မသိနားမလည်မှုနှင့် ပေါ့ဆမှုတို့ကြောင့် ဘဝ၏အဖိုးတန်သော အချိန်နာရီများသည် မူးယစ်ဆေးဝါး၏ သားကောင်ဘဝသို့ အလွယ်တကူကျရောက်သွားရသည်ကို တွေ့ရှိရပါသည်။

လူငယ်တို့၏ဘဝတွင် အပေါင်းအသင်းသည် အလွန်အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ မှားယွင်းသော အပေါင်းအသင်းနှင့် ပတ်ဝန်းကျင်ကြောင့် မူးယစ်ဆေးဝါးနှင့် ထိတွေ့မိရာမှ ဘဝလမ်းကြောင်း လွဲချော်သွားရသည့် ဖြစ်ရပ်များစွာ ရှိနေပါသည်။ သူငယ်ချင်း အချင်းချင်း လက်ခံမှုရရှိရန် သို့မဟုတ် ဝိုင်းပယ်မခံရရန်အတွက် မူးယစ်ဆေးဝါးကို စမ်းသပ်သုံးစွဲမိခြင်းသည် ဘဝ၏ အကြီးမားဆုံး အမှားတစ်ခုဆီသို့ ဦးတည်သွားစေနိုင်သည့် အကြောင်းရင်းဖြစ်ပါသည်။

**မူးယစ်ဆေးဝါး၏ သွေးဆောင်မှုနှင့် အတုအယောင် ပျော်ရွှင်မှုများ**

မူးယစ်ဆေးဝါးသုံးစွဲသူများသည် ကနဦးတွင် ခဏတာ စိတ်လက်ပေါ့ပါးမှုနှင့် ပျော်ရွှင်မှုအတုအယောင်များကို ခံစားရလေ့ရှိပါသည်။ ဤခံစားချက်သည် နောက်ကွယ်တွင် ကြီးမားသော ဘေးထွက်ဆိုးကျိုးများ ရှိနေသည်ကို သတိမမူမိဘဲ ဆေး၏သားကောင် ဖြစ်သွားကြရပါသည်။ ယင်းသည် ပြဿနာများကို ဖြေရှင်းပေးခြင်း မဟုတ်ဘဲ ပြဿနာသစ်များကိုသာ ထပ်မံဖန်တီးပေးနေသည့် သွေးဆောင်မှုတစ်ခုသာ ဖြစ်သည်ကို သတိပြုမိရန် လိုအပ်လှပါသည်။

မူးယစ်ဆေးဝါးများက လူ၏ ဗဟိုအာရုံကြောစနစ်ကို တိုက်ရိုက်ထိန်းချုပ်ကာ ပုံမှန်တွေးခေါ်နိုင်စွမ်းကို ပျက်ပြားစေပါသည်။ ဓာတုပစ္စည်းများ၏ လွှမ်းမိုးမှုကြောင့် စိတ်ခံစားချက်များ ပုံမှန်မဟုတ်ဘဲ မတည်ငြိမ်မှုများ ဖြစ်ပေါ်လာရပါသည်။ ဤအခြေအနေအတွင်း ရောက်ရှိသွားသူများသည် မိမိကိုယ်မိမိ ထိန်းချုပ်နိုင်စွမ်း ကင်းမဲ့သွားပြီး စိတ်ရိုင်းများ ဝင်ရောက်လာကာ လူမှုပတ်ဝန်းကျင်က လက်မခံနိုင်သော လုပ်ရပ်များကို ကျူးလွန်လာတတ်ကြပါသည်။

မူးယစ်ဆေးဝါး စွဲလမ်းမှုကြောင့် စိတ်ဓာတ်ကျဆင်းခြင်း၊ စိုးရိမ်သောကများခြင်းနှင့် စိတ်ကယောင်ချောက်ချားဖြစ်ခြင်းများကို ခံစားရလေ့ရှိပါသည်။

**◆ မူးယစ်ဆေးဝါးများက လူ၏ဗဟိုအာရုံကြောစနစ်ကို တိုက်ရိုက်ထိန်းချုပ်ကာ ပုံမှန်တွေးခေါ်နိုင်စွမ်းကို ပျက်ပြားစေပါသည်။ ဓာတုပစ္စည်းများ၏ လွှမ်းမိုးမှုကြောင့် စိတ်ခံစားချက်များ ပုံမှန်မဟုတ်ဘဲ မတည်ငြိမ်မှုများ ဖြစ်ပေါ်လာရပါသည်။ ဤအခြေအနေအတွင်း ရောက်ရှိသွားသူများသည် မိမိကိုယ်မိမိ ထိန်းချုပ်နိုင်စွမ်း ကင်းမဲ့သွားပြီး စိတ်ရိုင်းများဝင်ရောက်လာကာ လူမှုပတ်ဝန်းကျင်က လက်မခံနိုင်သော လုပ်ရပ်များကို ကျူးလွန်လာတတ်ကြ**

**◆ ပန်းတိုင်ပျောက်ရှနေသော ခြေလှမ်းများကို လမ်းမှန်ပေါ်သို့ ပြန်လည်ရောက်ရှိစေရန်နှင့် မူးယစ်ဆေးဝါး၏ သားကောင်များအဖြစ်မှ လွတ်မြောက်စေရန် လူသားအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုများရရှိနိုင်မည်**

ယင်းသည် လူငယ်တစ်ဦး၏ တက်ကြွမှုနှင့် ယုံကြည်မှုများကို အခြေခံမှစ၍ ဖျက်ဆီးပစ်ပါသည်။ အနာဂတ်အတွက် မျှော်လင့်ချက်ကင်းမဲ့လာခြင်းနှင့်အတူ စိတ်ပိုင်းဆိုင်ရာ မတည်ငြိမ်မှုများသည် သုံးစွဲသူအား အမှောင်ထုအတွင်းသို့ ပိုမိုနက်ရှိုင်းစွာ ဆွဲခေါ်သွားသကဲ့သို့ ရှိနေပါသည်။

ဆေးသုံးစွဲမှုကြောင့် ခန္ဓာကိုယ်၏ ကိုယ်ခံအားစနစ် ယုတ်လျော့လာပြီး အသည်းရောင်အသားဝါနှင့် အခြားကူးစက်ရောဂါများ ဝင်ရောက်လာတတ်ပါသည်။ ကျန်းမာသန်စွမ်းသော လူငယ်ဘဝသည် မျက်စိရှေ့မှာပင် တဖြည်းဖြည်း ကြွေလွင့်ပျက်စီးသွားရသည်ကို ဝမ်းနည်းဖွယ် တွေ့ရပါသည်။ ကိုယ်ခန္ဓာ ချို့ယွင်းလာခြင်း၊ အစားအသောက်ပျက်ခြင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ဆိုးရွားစွာ ပြောင်းလဲမှုများသည် မူးယစ်ဆေး၏ နောက်ဆက်တွဲရလဒ်များပင်ဖြစ်ပါသည်။

**ပညာရေးလမ်းကြောင်းပေါ်မှ နုတ်ထွက်သွားရသော ဘဝများ**

မူးယစ်ဆေးဝါး သားကောင်ဖြစ်သွားသူများသည် ကျောင်းသင်ခန်းစာများအပေါ် အာရုံမစိုက်နိုင်တော့ဘဲ ပညာရေးတွင် နောက်ကျကျန်ရစ်ခဲ့ပါသည်။ အနာဂတ်အတွက် အခြေခံအုတ်မြစ်ဖြစ်သော ပညာရေးလမ်းကြောင်းသည် မူးယစ်ဆေးဝါးကြောင့် လွဲချော်သွားရပါသည်။ ပညာအရည်အချင်း မရှိသောကြောင့် လူ့အဖွဲ့အစည်းအတွင်း ကောင်းမွန်သော အလုပ်အကိုင် အခွင့်အလမ်းများလည်း ဆုံးရှုံးသွားရကာ ဘဝနိဂုံး မလှပဖြစ်ရသည်ကို တွေ့ရှိရပါသည်။

မိသားစု၏ မျှော်လင့်ချက်ဖြစ်သော သားသမီးများ လမ်းမှားရောက်ခြင်းသည် မိဘများအတွက် များစွာ စိတ်မကောင်းဖြစ်ရသော ကိစ္စဖြစ်ပါသည်။ မူးယစ်ဆေးဝါးကြောင့် မိသားစုအတွင်း ယုံကြည်မှုများ ပျက်ပြားကာ နွေးထွေးသော အိမ်ဂေဟာလေးများ ပြိုကွဲသွားရသည်ကို မြင်တွေ့ရလေ့ရှိပါသည်။ မိဘများ ခဲရာခဲဆစ် ရှာဖွေထားသော ပိုင်ဆိုင်မှုများသည် ဆေးဝါးများ ဝယ်ယူရန်အတွက် ပြုန်းတီးသွားရကာ မိသားစုအတွင်း စိတ်သောကများဖြင့် ပြည့်နှက်လာပါသည်။

မူးယစ်ဆေးဝါး ဝယ်ယူသုံးစွဲရန်အတွက် ငွေကြေးအမြောက်အမြား အသုံးပြုရခြင်းသည် မိသားစုစီးပွားရေးကို တိုက်ရိုက်ထိခိုက်စေပါသည်။ နောက်ဆုံးတွင် ပိုင်ဆိုင်မှုများ ကုန်ဆုံးကာ ဆင်းရဲတွင်းသို့ နက်နက်ရှိုင်းရှိုင်း သက်ဆင်းသွားရသည်ကို တွေ့ရှိရပါသည်။ စီးပွားရေးပျက်ပြားမှုကြောင့် အခြားသော လူမှုရေးပြဿနာများစွာ ထပ်မံဖြစ်ပေါ်လာရပြီး လူ့ပတ်ဝန်းကျင်၌ ရပ်တည်ရန် ခက်ခဲလာရပါသည်။

ဆေးစွဲသူများသည် ပုံမှန်လူ့အဖွဲ့အစည်းနှင့် အံဝင်ခွင်ကျ မရှိတော့ဘဲ ဖယ်ကြဉ်ခြင်းကို ခံရလေ့ရှိပါသည်။ ဤသို့ဖြင့် လူငယ်တစ်ဦးသည် အထီးကျန်ဘဝသို့ရောက်ရှိကာ မကောင်းမှုနယ်ပယ်အတွင်းသို့ ပိုမိုနက်ရှိုင်းစွာ ရောက်ရှိသွားတတ်ပါသည်။ ပတ်ဝန်းကျင်၏ ကဲ့ရဲ့ပြစ်တင်မှုနှင့် ဖယ်ကြဉ်မှုများကြောင့် စိတ်ပိုင်းဆိုင်ရာ နာကျင်မှုများ ခံစားရပြီး လူ့ဘောင်နှင့် ဝေးကွာသွားရသည်မှာ ဝမ်းနည်းဖွယ်ပင် ဖြစ်ပါသည်။

မူးယစ်ဆေးဝါး ဝယ်ယူရန် ငွေကြေးလိုအပ်ချက်ကြောင့် ခိုးမှု၊ လုယက်မှုနှင့် အခြားရာဇဝတ်မှုများကို ကျူးလွန်လာကြသည်ကို တွေ့ရပါသည်။ ယင်းသည် ပတ်ဝန်းကျင်နှင့် လူ့အဖွဲ့အစည်း၏ လုံခြုံရေးကို ကြီးမားစွာ ခြိမ်းခြောက်နေသော အန္တရာယ်ဖြစ်လာပါသည်။ ရာဇဝတ်မှု ကျူးလွန်ခြင်းကြောင့် ဥပဒေ၏ အရေးယူမှုကို ခံရခြင်းနှင့် ဘဝပျက်ရခြင်းများသည် မူးယစ်ဆေးဝါးကြောင့် မလွဲမသွေ ကြုံတွေ့ရမည့် ရလဒ်များဖြစ်ပါသည်။

အပ်သုံးစွဲ၍ ဆေးထိုးခြင်းမှတစ်ဆင့် HIV/AIDS နှင့် အခြားသွေးမှတစ်ဆင့် ကူးစက်တတ်သော ရောဂါများ ပျံ့နှံ့မှုကိုဖြစ်ပေါ်စေပါသည်။ ဤရောဂါများသည် လူငယ်ထု၏ ကျန်းမာရေးနှင့် သက်တမ်းကို တိုတောင်းစေသော အကြောင်းရင်းများ ဖြစ်နေပါသည်။ ကျန်းမာရေးအသိပညာ နည်းပါးမှုကြောင့် ရောဂါပိုးများကို အခြားသူများထံ ဆက်လက်ဖြန့်ဝေမိခြင်းသည်လည်း လူ့အဖွဲ့အစည်းအတွက် ကြီးမားသော စိုးရိမ်စရာဖြစ်လာပါသည်။

နိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သော ကျန်းမာသန်စွမ်းသည့် လူငယ်အရင်းအမြစ်များ မူးယစ်ဆေးဝါးကြောင့် ဆုံးရှုံးရခြင်းသည် တိုင်းပြည်အတွက် ကြီးမားသောနစ်နာမှု ဖြစ်ပါသည်။ လူသားစွမ်းအားစုများ ဆုတ်ယုတ်မှုသည် ဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်နှေးစေပါသည်။ လူငယ်တို့၏ တီထွင်ဖန်တီးနိုင်စွမ်းနှင့် အင်အားများကို မူးယစ်ဆေးက ဝါးမျိုပစ်ခြင်းသည် အနာဂတ်အလားအလာများကို မှေးမှိန်စေပါသည်။

**နိုင်ငံတော် တည်ဆောက်ရေးတွင် အဟန့်အတား ဖြစ်စေသည့် အချက်များ**

မူးယစ်ဆေးဝါး ပြဿနာက နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍအားလုံးကို ထိခိုက်စေသည်ကို တွေ့ရပါသည်။ သာယာဝပြောသော လူ့အဖွဲ့အစည်း တည်ဆောက်ရာတွင် မူးယစ်ဆေးဝါးသည် အဓိက အဟန့်အတားတစ်ခု ဖြစ်နေပါသည်။ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးအတွက် အင်အားနှင့် ဘတ်ဂျက်များစွာ အသုံးပြုနေရခြင်းသည် အခြားဖွံ့ဖြိုးရေး ကဏ္ဍများအတွက် ဆုံးရှုံးမှုဖြစ်စေပါသည်။

မူးယစ်ဆေးဝါးအန္တရာယ်ကို ကာကွယ်ရန်အတွက် အသိပညာပေးလုပ်ငန်းများသည် အရေးကြီးသော အခန်းကဏ္ဍတွင် ရှိနေပါသည်။ လူငယ်များအနေဖြင့် ဆေးဝါး၏ ဆိုးကျိုးကို အမှန်တကယ် သိရှိနားလည်မှသာ လမ်းမှားသို့ မရောက်အောင် ရှောင်လွှဲနိုင်မည် ဖြစ်ပါသည်။ မူလတန်းအရွယ်ကတည်းကပင် မူးယစ်ဆေးဝါး၏ အန္တရာယ်ကို သိရှိထားခြင်းဖြင့် ကြိုတင်ကာကွယ်မှုများ လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။

မိဘနှင့် ဆရာများသည် လူငယ်တို့၏ လမ်းပြကြယ်များ ဖြစ်ကြပါသည်။ သားသမီးများနှင့် တပည့်များကို နွေးထွေးစွာ လမ်းပြခြင်း၊ အမြဲမပြတ်စောင့်ကြည့်ထိန်းသိမ်းခြင်းဖြင့် မူးယစ်ဆေးကျော့ကွင်းအတွင်း မကျရောက်အောင် ကာကွယ်ပေးနိုင်သည်ကို တွေ့ရပါသည်။ အပြန်အလှန် ယုံကြည်မှုနှင့် ပွင့်လင်းစွာ ဆွေးနွေးနိုင်သော ပတ်ဝန်းကျင်ကို မိသားစုအတွင်း တည်ဆောက်ထားခြင်းသည် ကောင်းမွန်သော အကာအကွယ်ပင် ဖြစ်ပါသည်။

လမ်းမှားရောက်နေသော လူငယ်များကို ဆေးကုသမှုပေးခြင်းနှင့် ပြန်လည်ထူထောင်ပေးခြင်းသည် လူ့ဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရန် အခွင့်အရေးပေးခြင်း ဖြစ်ပါသည်။ ၎င်းတို့အား ယုံကြည်မှု ပြန်လည်ပေးအပ်ခြင်းဖြင့် ဘဝသစ်ကို ပြန်လည်စတင်နိုင်မည် ဖြစ်ပါသည်။ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်းနှင့် လူ့အဖွဲ့အစည်းက နွေးထွေးစွာလက်ခံခြင်းဖြင့် ၎င်းတို့၏ ရှေ့ခရီးကို ပြန်လည်လျှောက်လှမ်းစေနိုင်မည် ဖြစ်ပါသည်။

မူးယစ်ဆေးဝါး ကင်းစင်သော လူ့ပတ်ဝန်းကျင် ဖြစ်ပေါ်လာစေရန် မိမိတို့အားလုံးတွင် တာဝန်ရှိသည်ဟု ယူဆရပါမည်။ လူတစ်ဦးချင်းစီမှစ၍ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မူးယစ်ရန်သူကို ထိရောက်စွာ တိုက်ဖျက်နိုင်မည် ဖြစ်ပါသည်။ မိမိတို့၏ ရပ်ရွာ၊ မြို့နယ်အတွင်း မူးယစ်ဆေးဝါး ကင်းစင်ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားခြင်းဖြင့် လူငယ်တို့၏ အနာဂတ်သည် ပိုမိုတောက်ပလာမည်ဖြစ်ပါသည်။

ဆိုရပါလျှင် လူငယ်ဟူသည် နိုင်ငံ၏အနာဂတ်ကို ပုံဖော်ထုဆစ်မည့် ဗိသုကာပညာရှင်များ ဖြစ်ကြပါသည်။ ထိုဗိသုကာများ၏ လက်များတွင် မူးယစ်ဆေးဝါးများ ရှိနေမည့်အစား အသိပညာနှင့် ကျွမ်းကျင်မှုများသာ ရှိနေသင့်ပါသည်။ ပန်းတိုင်ပျောက်ရှနေသော ခြေလှမ်းများကို လမ်းမှန်ပေါ်သို့ ပြန်လည်ရောက်ရှိစေရန်နှင့် မူးယစ်ဆေးဝါး၏ သားကောင်များအဖြစ်မှ လွတ်မြောက်စေရန် လူသားအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုများ ရရှိနိုင်မည် ဖြစ်ပါသည်။ လူငယ်တို့၏ ဘဝခရီးလမ်း ဖြောင့်ဖြူးသာယာစေရေးသည် မိမိတို့အားလုံး၏ အလေးထားရမည့် ကိစ္စရပ်တစ်ခုပင် ဖြစ်ပါသည်။ လူငယ်ထုတစ်ရပ်လုံး မူးယစ်ကင်းစင်ကာ အနာဂတ်ပန်းကောင်းများအဖြစ် လန်းဆန်းနိုင်ကြပါစေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## တပ်ကုန်းမြို့၌ ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူနည်းပညာပေးဆွေးနွေး



**တပ်ကုန်း ဩဂုတ် ၁၃**

နေပြည်တော် တပ်ကုန်းမြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနက သီးနှံရာသီအလိုက် အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူနည်းပညာပေးဆွေးနွေးပွဲကို ယမန်နေ့က ညောင်ငါးပင်(မ)ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးပညာပေးရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးတိုးမင်းက အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် ဌာနမှဆောင်ရွက်ထားရှိမှုများ၊ ကန်ထရိုက်လယ်ယာစနစ်တွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ အကြောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်ဇာကျော်က ဆီထွက်သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး လိုက်နာရမည့် နည်းလမ်းကောင်းများအကြောင်း ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တောင်သူနည်းပညာပေးဆွေးနွေးပွဲသို့ တက်ရောက်လာသည့် မြို့နယ်အတွင်းရှိ ဆီစက်လုပ်ငန်းရှင်များနှင့် တောင်သူများက သိရှိလိုသည်များ မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့ပြီး စိုက်ပျိုးရေးဝန်ထမ်းများက လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**တင်စိုးလွင်**

## မော်လမြိုင်ကျွန်းမြို့နယ်၌ ၂၀၂၆-၂၀၂၇ ဆီထွက်သီးနှံ စီမံကိန်းတာဝန်ပေးအပ်

**မော်လမြိုင်ကျွန်း ဩဂုတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ ၂၀၂၆-၂၀၂၇




ဆီထွက်သီးနှံ (နေကြာ၊ မြေပဲ၊ ပဲပုပ်၊ နှမ်း) စီမံကိန်းတာဝန်ပေးအပ်ပွဲကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မော်ရောခန်းမ၌ကျင်းပရာ ခရိုင်အဆင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး လုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုလှိုင်က အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကော်မတီဥက္ကဋ္ဌက မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးထံ စီမံကိန်းတာဝန်ပေးအပ်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာမာဆန်းနှင့် တာဝန်ရှိသူများက တောင်သူများအား စီမံကိန်းတာဝန်များ ပေးအပ်ခဲ့ကြသည်။

**ရဲကိုမောင်(ပြန်/ဆက်)**

## ညောင်ဦးမြို့နယ်၌ တပ်ဆင်ရန် ကျန်ရှိမီတာများအား ဆက်လက်တပ်ဆင်ပေး

**ညောင်ဦး ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်း ဇူလိုင် ၃၁ ရက်အထိ စနစ်ဟောင်းဖြင့် မီတာသတ်မှတ်ကြေး ပေးသွင်းပြီးသည့် လျှပ်စစ်မီးသုံးစွဲသူများအား တပ်ဆင်ရန်ကျန်ရှိမီတာများကို ဆက်လက်တပ်ဆင်ပေးလျက်ရှိပြီး ခရိုင်/မြို့နယ် လျှပ်စစ်မန်နေဂျာ၊ လျှပ်စစ်အင်ဂျင်နီယာတို့က ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ဩဂုတ် ၁၅ ရက်မှ စတင်ကာ မီတာလျှောက်ထားလိုသည့် လျှပ်စစ်မီးသုံးစွဲလိုသူ မိဘပြည်သူများအနေဖြင့် အွန်လိုင်း MOEE.gov.mm website မှတစ်ဆင့် စတင်လျှောက်ထား နိုင်ပြီဖြစ်ကြောင်း သိရသည်။

**ဒီပါလင်း**



## မြင်းခြံမြို့၌ ကျောင်းကျန်းမာရေးအထိမ်းအမှတ် သီတင်းပတ်လှုပ်ရှားမှုဆောင်ရွက်



**မြင်းခြံ ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမက(၁၃) ကျောင်း၌ ကျောင်းကျန်းမာရေး အထိမ်းအမှတ် သီတင်းပတ်လှုပ်ရှားမှု အသိပညာပေးဟောပြောခြင်းနှင့် အာဟာရကျွေးမွေးခြင်းကို ယမန်နေ့က ပြုလုပ်ရာ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယခရိုင်ဦးစီးမှူး ဒေါက်တာဇင်မာသန်းထွန်းက အစာအုပ်စု ငါးစုပါအောင် စားပေးနိုင်ရန်အတွက် သရုပ်ပြသပေးခြင်း၊ ကျန်းမာရေးနှင့်အညီ သန့်ငါးသန့် အသိပညာပေးခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်သော ဘဝနေထိုင်မှုပုံစံများနှင့် ဆေးလိပ်၊ ဆေးရွက်ကြီး၊ Vape၊ အရက်နှင့် ပတ်သက်သော အကြောင်းအရာများကို အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် အမက (၁၃) ကျောင်းရှိ KG ကျောင်းသားကျောင်းသူများအား အာဟာရကျွေးမွေးခြင်းအဖြစ် ထမင်းနှင့် ဟင်းများကို ကျွေးမွေးခဲ့ကြသည်။

**ချစ်ဦးနွေ(မြင်းခြံ)**

## မတ္တရာမြို့နယ်၌ စာသင်ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေး သန့်ရှင်းရေးဆောင်ရွက်

**မတ္တရာ ဩဂုတ် ၁၃**



မတ္တရာမြို့နယ်ရှိ ဆည်တော်ကြီးဆည်ရေလွှတ်မှုနှင့် မိုးအဆက်မပြတ်ရွာသွန်းမှုတို့ကြောင့် ရေဝင်ရောက်ခဲ့ပြီး ယာယီပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများဖြစ်သည့် သာယာဝတီကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၊ ရွှေစုကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းနှင့် တံငါတောင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တို့တွင် ရေများကျဆင်းသွားပြီ ဖြစ်သည့်အတွက် ပြန်လည်ဖွင့်လှစ်နိုင်ရေး ဌာနဆိုင်ရာများမှ အဖွဲ့များခွဲ၍ ယနေ့နံနက်ပိုင်းက ကျောင်းအကျိုးတော်ဆောင်များနှင့် ကျေးရွာသူရွာသားများ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ ပူးပေါင်း၍ စာသင်ခန်းများအတွင်း တင်ကျန်နေသော ရွှံ့ညွှန်များနှင့် ကျောင်းဝင်းအတွင်းရှိ အမှိုက်များကို စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

**ရွှေရာသား**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**




## ပုဗ္ဗသီရိမြို့နယ်၌ လူငယ်ရေးရာအသိပညာပေး ဟောပြော

**နေပြည်တော် ဩဂုတ် ၁၃**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် FUTURE STARS ကိုယ်ပိုင်အလယ်တန်းကျောင်း၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့က အဆိုပါကျောင်းစုဝေးခန်းမ၌ ကျင်းပရာ နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က အမှာစကားပြောကြားသည်။ ယင်းနောက် စာရေးဆရာကြီး ကိုရွှေအောင်သင်းက "လူငယ်နှင့် အောင်မြင်မှု" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောကာ အသိပညာဗဟုသုတမေးခွန်းများ မေးမြန်းဆွေးနွေး၍ ဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် နေပြည်တော် စာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်တာက ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များလှူဒါန်းခဲ့သည်။

**မျိုးသူရကျော်(ဥတ္တရ)**

## ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၁၃**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ယနေ့နံနက်ပိုင်းက အမှတ်(၆)ရပ်ကွက်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေး မှူးနှင့် တာဝန်ရှိသူများက ရေသိုလှောင်ကန်များအား ကလိုရင်းဆေးခတ်ခြင်း၊ အဘိတ်ဆေးခတ်ခြင်းနှင့် ရေသန့်ဆေးပြားများဖြန့်ဝေခြင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း ကျန်းမာရေးအသိပညာပေးခြင်းများကို ဆောင်ရွက်သည်။

**ဟန်နီ(ပြန်/ဆက်)**



## ရေနံချောင်းမြို့နယ်၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးဆောင်ရွက်

**ရေနံချောင်း ဩဂုတ် ၁၃**

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကို ယမန်နေ့က ရေနံချောင်းမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ကျင်းပရာ မြို့နယ်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇင်ဦးက အမှာစကားပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ဉာဏစွမ်းရည်ပြိုင်ပွဲများဖြစ်သည့် စာဖတ်ခြင်းနှင့် ကြီးမြတ်သောလူမျိုး၊ နည်းပညာခေတ်နှင့် စာဖတ်ရှိန်မြှင့်တင်ရေးခေါင်းစဉ်တို့ဖြင့် ကျပန်းစကားပြောပြိုင်ပွဲ (အထက်တန်းဆင့်)နှင့် စာအုပ်စာပေလူ့မိတ်ဆွေခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲ (အလယ်တန်းဆင့်)တို့တွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

**ချိုမီအောင်(ပြန်/ဆက်)**



## မော်လမြိုင်မြို့၌ လျှပ်စစ်မီတာများ လဲလှယ်တပ်ဆင်ပေး

မော်လမြိုင် ဩဂုတ် ၁၃

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် အတွင်း ယူနစ်ပျောက်ဆုံးမှု လျော့နည်းစေရေးနှင့် မီတာဖတ်ရှုမှုများ ပိုမိုလွယ်ကူစေရန်အတွက် ယမန်နေ့က မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယခင်က လျှောက်ထားပြီး တပ်ဆင်ရန် ကျန်ရှိနေသေးသော မီတာအသစ်များကို သက်ဆိုင်ရာရပ်ကွက်များအလိုက် စနစ်တကျ ပြန်လည်တပ်ဆင်ပေးနေခြင်း၊ ရပနမီတာများကို စံချိန်မီ မီတာအသစ်များဖြင့် အစားထိုးလဲလှယ်ပေးခြင်း၊ လျှပ်စစ်မီးတိုင်များပေါ်တွင် မြင့်မားစွာတပ်ဆင်ထားပြီး မီတာဖတ်ရှုရန်ခက်ခဲသော မီတာများကို ဝန်ထမ်းများနှင့် ပြည်သူများ ကြည့်ရှုစစ်ဆေးရ လွယ်ကူစေရန် နေအိမ်များ၏ မျက်နှာစာနံရံသို့ ပြောင်းရွှေ့တပ်ဆင်ပေးခြင်းနှင့် လျှပ်စစ်ဓာတ်အား ဆုံးရှုံးမှုနှင့် မသမာမှု မရှိစေရန်အတွက် မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးဇင်မျိုးထက်ဇော်နှင့် ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးကာ စနစ်တကျ တပ်ဆင်လဲလှယ်ကြပ်မတ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ရွှေမြိုင်သူ(ပြန်/ဆက်)

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၁၃



ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၌ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ အာဟာရရက်သတ္တပတ်ဖွံ့ဖြိုးရေးလှုပ်ရှားမှု အခမ်းအနားကို ယမန်နေ့က မြို့နယ်ပြည်သူ့ဆေးရုံခန်းမ၌ ကျင်းပရာ ခရိုင်၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် (ပထမပတ်) လှုပ်ရှားမှု မိခင်နို့စနစ်တကျတိုက်ကျွေးရေး အသိပညာပေးဟောပြောပွဲပြုလုပ်ရာ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ယဉ်မင်းသူက အမှာစကားပြောကြားပြီး မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာတင်မူမြင့်က အသိပညာပေး ဟောပြောသည်။

ထို့နောက် ကလေးများအား ဗီတာမင်အေနှင့် သန်ချဆေးများ တိုက်ကျွေးခြင်း၊ အရပ်တိုင်းခြင်း၊ ပေါင်ချိန်ခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များ၊ နို့တိုက်မိခင် ၂၀ တို့အား ဗီတာမင်ဘီ(B1)၊ ငှက်ပျောသီးနှင့် ကြက်ဥများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြင့်မြင့်ရီ

## ပခုက္ကူမြို့၌ ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးဟောပြော

ပခုက္ကူ ဩဂုတ် ၁၃



မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ယမန်နေ့က ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပရာ ကျောင်းအုပ်ကြီး ဒေါ်မေဇင်လှိုင်က ဟောပြောပွဲရည်ရွယ်ချက်များနှင့် ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးညွန့်ဦးက ဌာန၏ရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်များ၊ နှစ်အလိုက်ထုတ်ပြန်ထားသော မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေများ၊ ၂၀၂၂ ခုနှစ် မော်တော်ယာဉ်စီမံခန့်ခွဲမှု နည်းဥပဒေများ၊ စစ်ဆေးမှူး(၃) ဦးဌေးဝင်းက မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ် မောင်းနှင်သူများနှင့် စက်ဘီးစီးနင်းသူများ လိုက်နာရမည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဥပဒေများကို အသိပညာပေးဟောပြောပြီး ယာဉ်မတော်တဆဖြစ်ပွားမှု လျော့ချနိုင်စေရေး လိုက်နာဆောင်ရွက်ရမည့် Quick Win(၅)ချက်အား ဉာဏ်စမ်းပဟေဠိ မေးမြန်းခြင်းများ ဆောင်ရွက်၍ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)



## ငပုတောမြို့နယ်၌ မိုးရာသီကာလ ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေး ရေနုတ်မြောင်းများ တူးဖော်ရှင်းလင်း

ငပုတော ဩဂုတ် ၁၃

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၌ မိုးတွင်းကာလ ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေးအတွက် ယမန်နေ့မှစတင်၍ မင်္ဂလမ်းဘေးရှိ ပင်မရေမြောင်းအား ရေစီးရေလာကောင်းမွန်စေရန် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၏ ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်နီလာဦးက ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများက ပင်မရေမြောင်းအား ရေစီးရေလာကောင်းမွန်စေရေး မြောင်းများတူးဖော်ခြင်း၊ မြောင်းဘေးနှင့် မြောင်းအတွင်းရှိ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်သူ(ပြန်/ဆက်)

## မော်လမြိုင်ကျွန်းမြို့နယ်၌ မိုးစပါးမြေဩဇာ စုပေါင်းကြဲပက်ပွဲ ပြုလုပ်

မော်လမြိုင်ကျွန်း ဩဂုတ် ၁၃

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် မရဲ့အုန်းပင်စုကျေးရွာ၌ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ၂၀၂၆-၂၀၂၇ မိုးစပါးဧက ၁၀၀ တင်း ၁၀၀ စံပြကွက် မြေဩဇာစုပေါင်းကြဲပက်ပွဲကို တောင်သူ ဦးတင်အောင်သန်း၏ လယ်မြေ ကွင်းအမှတ် (၁၁၈၅/ခ)၌ ပြုလုပ်ရာ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ ခရိုင်၊မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက သီးနှံအထွက်နှုန်း မထိခိုက်စေဘဲ ဓာတ်မြေဩဇာ လျှော့ချသုံးစွဲနည်းများကို ရှင်းလင်းပြီး တာဝန်ရှိသူများက မိုးစပါးစိုက်ခင်းအတွင်း ပုလဲဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ စုပေါင်းကြဲပက်ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိစေရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ရဲကိုမောင်(ပြန်/ဆက်)

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၂၀၂ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဩဂုတ် ၁၃

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဩဂုတ် ၁၄ ရက်မှ ၂၀ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၇၂၀၂ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊Facebook Pageနှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရှိရသည်။

သတင်းစဉ်

## ကျောက်ကြီးမြို့နယ်၌ ကျောင်းကျန်းမာရေးလှုပ်ရှားမှု ဆောင်ရွက်

ကျောက်ကြီး ဩဂုတ် ၁၃

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း သပြေဆောင်ခန်းမ၌ ယမန်နေ့က အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်ဟောပြောပွဲနှင့် ကျောင်းကျန်းမာရေးလှုပ်ရှားမှုများဆောင်ရွက်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်မျိုးထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဌာနမှူး ဒေါက်တာမျိုးကျော်အောင်က ကျန်းမာရေးဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းဟောပြောသည်။

ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာန လက်ထောက်ကျန်းမာရေးမှူး ဦးမာမတ်တူဖိုလ်က အာဟာရအုပ်စုသုံးမျိုးအကြောင်း လက်တွေ့



သရုပ်ပြရှင်းလင်းပြီး အခြေခံပညာအထက်တန်းကျောင်း KG တန်းကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၉ ဦးအား ကျောင်းတွင်း အာဟာရကျွေးမွေးခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## မိုးနဲမြို့နယ်၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်

မိုးနဲ ဩဂုတ် ၁၃

